ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (21-4-2008) (၅၆၅၅)

ဒါနဉ္စ ဧတံ မင်္ဂလ မုတ္တမံ
အလှူပေးရခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေထံ အလှူရှင်များက ဆောက်လက်စ သုံးထပ်ဆောင်နှင့် ကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်တွင် နှစ်ထပ်ကျောင်းဆောင်သစ်များ ဖွင့်ပွဲကျင်းပ

တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် ဧပြီ ၂၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်များ ဖွင့်လှစ် ခြင်းနှင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ စာသင်ခန်းများအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဆောက်လက်စ သုံးထပ်ဆောင် အတွက် အလှူငွေများကို အလှူရှင်များက ပေးအပ်ပြီး ကျောင်းဆောင်သစ်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးသန်းက တိုင်းပညာရေးမှူး ဦးအောင်ရွှေထံသို့ လွှဲပြောင်းပေးအပ်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror — အဓိကအကျဆုံး အနှစ်သာရ

"အခု အခြေခံဥပဒေရဲ့ အဓိကအကျဆုံး အနှစ်သာရကတော့ ပါတီစုံ ဒီမိုကရေစီ စနစ်ကို စစ်မှန်စွာနဲ့ စည်းကမ်းပြည့်ဝစွာ ကျင့်သုံးနိုင်အောင် ဖော်ဆောင်ပေးထားခြင်း ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံသားတိုင်းအတွက် အနာဂတ်အရေး ထာဝစဉ်စိတ်အေးရမယ့် ဖော်ဆောင်မှုဖြစ်တယ်"

အငြိမ်းစားဝန်ထမ်းတစ်ဦး၏ **"သစ္စာ၊ သမာဓိ ရှိသူတို့၏ အနာဂတ် နိုင်ငံတော်ဆီသို့"**

(ဆောင်းပါး) စာမျက်နှာ-၆

ထူးခြားသည့် နေ့အပူချိန်များ

၂၀-၄-၂၀၀၈

ချောက်
၄၅ ဒီဂရီစင်တီဂရိတ် (၁၁၃ ဒီဂရီဖာရင်ဟိုက်)

မုံရွာ၊ မင်းဘူး၊ မကွေး
၄၄ ဒီဂရီစင်တီဂရိတ်စီ (၁၁၁ ဒီဂရီဖာရင်ဟိုက်စီ)

ရွှေဘို၊ ညောင်ဦး၊ မြင်းခြံ၊ အောင်လံ၊ နေပြည်တော်၊ ကလေးဝ၊ မန္တလေး၊ နေပြည်တော်ပျဉ်းမနား
၄၃ ဒီဂရီစင်တီဂရိတ်စီ (၁၀၉ ဒီဂရီဖာရင်ဟိုက်စီ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၁-၄-၂၀၀၈
(တနင်္လာနေ့)

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော် ရာသီချိန်အမီ ကြိုးပမ်းစိုက်ပျိုး

နိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မားရေးအတွက် မြေသယံဇာတ၊ ရေသယံဇာတများ အပြည့်အ၀ အသုံးချနိုင်ရန် နိုင်ငံတော်က အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။ စိုက်ပျိုးရေ ရရှိရေးအပါအ၀င် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ သီးနှံစိုက်ဧရိယာအား မြင့်မားလာလျက်ရှိသည်။

တောင်သူလယ်သမားများ ၀င်ငွေတိုး အကျိုးရှိစေရေးအတွက် ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်တို့ကို တိုးချဲ့စိုက်ပျိုးသင့်သည်။ မိုးကြိုဂုန်လျှော်ကို ဖေဖော်၀ါရီ လလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း စိုက်ပျိုးရမည်ဖြစ်ရာ သတ်မှတ်ချိန်အမီ အပြီးစိုက်ပျိုးကြရန် လိုအပ်သည်။

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်များ စိုက်ပျိုးရာတွင် ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက် ထွန်ယက်ပြီး အောက်ရေဆက်သည်အထိ စိုက်ပျိုးရေ ပြည့်ပြည့်၀၀ တင်သွင်းရေး သတိပြုကြရမည်ဖြစ်သည်။ ထို့အပြင် မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲကြရမည်ဖြစ်ရာ မြေခံမြေဩဇာတွင် သဘာ၀မြေဩဇာ လှည်းငါးစီးမှ ၁၀ စီးခန့်နှင့် ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ ကီလိုနှင့် ပိုတက်ရှ် မြေဩဇာ ၁၂ ဒသမ ၅ ကီလို ထည့်သွင်းသုံးစွဲကြရမည် ဖြစ်သည်။

သီးနှံများ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် ရွေးချယ်အသုံးပြုရေးသည်လည်း အဓိကအရေးပါသည်ဖြစ်ရာ အပင်ပေါက်ရာခိုင်နှုန်း ၈၀ နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲကြရန် လိုအပ်သည်။

ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်တို့သည် ဈေးကွက်ရှိသောသီးနှံများဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် သက်ဆိုင်ရာဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာနတို့နှင့် ဆက်သွယ်ပြီး အထွက်တိုးရေး နည်းဆော်ချက်များနှင့်အညီ ရာသီချိန်အမီ ကြိုးပမ်းစိုက်ပျိုးကြခြင်းဖြင့် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်များ ထွက်ရှိလာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်၀ါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ၀င်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ဆောင်ရွက်နေမှု တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် တာ၀န်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာ၀န်ယူဆောင်ရွက်နေသည့် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှင်းလင်းဆောင်၌ မြန်မာ့လေကြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်နှင့် လေယာဉ်ကွင်းအထူးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့က ၂၀၀၇-၂၀၀၈ ခုနှစ် လုပ်ငန်းလျာထားချက်၊ လေယာဉ်ပြေးလမ်းအကျယ် ၇၅ ပေ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်း အပိုင်းလိုက်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို လေယာဉ်ပြေးလမ်း ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလျာထားချက်များ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်တိုကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းခွင်၌ စက်ယန္တရားများဖြင့် လေယာဉ်ပြေးလမ်း အကျယ် ၇၅ ပေ ထပ်မံတိုးချဲ့ဆောင်ရွက်နေမှု အခြေအနေများ၊ လေယာဉ်ပြေးလမ်းအချက်ပြမီးများ တပ်ဆင်ရန် ကေဘယ်လ်မြောင်းဆောင်ရွက်နေမှု အခြေအနေများ၊ လေဆိပ်ခရီးသည် နားနေဆောင်တွင် ခရီးသည်များ စိတ်ချမ်းမြေ့စွာ နားနေနိုင်ရေးအတွက် ၄၃ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်နှင့်ပလတ်စတစ်ထိုင်ခုံတွဲများ တပ်ဆင်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာ၀န်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်၀ိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ စည်ပင်သာယာလမ်း၊ ၃/ခရပ်ကွက် ငွေကြာရံ တောင်ဥက္ကလာပမြို့နယ်နေ ဦးအောင်ကြည်၊ ဒေါ်ခင်မမ၊ သား၊ သမီး၊ မြေးတစ်စုက ငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်း၀င် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် ပြည်တော်သာရပ် ချမ်းမြေ့သာစည် မန္တလေးမြို့နေ ဦးမြင့်ဌေး-ဒေါ်အေးအေးမြင့်၊ သား မောင်သီဟဇော် (စိမ်းရောင်ထွန်း ကျောက်မျက်ကုမ္ပဏီ) မိသားစုက အလှူငွေကျပ် ၅၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့၀င်များဖြစ်သော ဦးခင်မောင်အေး၊ ဦးတင်ဦးနှင့် ဦးစောကြိုင်တို့ လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်မြို့ သု၀ဏ္ဏ ၂၉ ရပ်ကွက် ကောက်လျင်လမ်းနေ ဒေါ်တင်တင်ဦး၏ မွေးနေ့အထိမ်းအမှတ် အထွေထွေပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

သိမ်ကျောင်းဆောက်လုပ်ရန် လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဂျိုးဖြူလမ်း ဆင်စခန်းအုပ်စု အုန်းခြံအနီး ဆရာတော် ဘဒ္ဒန္တကုသလ (အစိုးရဓမ္မာစရိယ) ဆောက်လုပ်လျက်ရှိသော မိုးကုတ်၀ိပဿနာ သစ္စာမဏ္ဍိုင်အေးငြိမ်းချမ်းသာ ကျောင်းတိုက်အတွင်း တည်ဆောက်မည့် သိမ်ကျောင်းတော်အတွက် အလှူရှင်များလိုအပ်လျက်ရှိရာ အလှူရှင်စိတ်တိုင်းကျဆောင်ရွက်ပေးမည်ဖြစ်သည်။အဆိုပါကျောင်းတိုက်အတွင်း ယောဂီဆောင်၊ အိမ်သာ၊ ရေချိုးခန်း၊ မဟာရံတံတိုင်းတစ်ခန်း ငွေကျပ် ၅၀၀၀၀ နှင့် ဆရာတော်သီတင်းသုံးဆောင်များအတွက် အထက်ပါလိပ်စာသို့ ဖြစ်စေ ဖုန်း-၀၁-၃၈၂၇၅၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကင်းပြည်သာယာ(တာမွေလေးသံလမ်းအနီး)ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် စမ်းချောင်း မဟာမြိုင်လမ်းနေ ဦးမြင့်ဌေး- သန္တာကျော်၊ သား အောင်ရဲမိုး၊ သမီး မသက်စန္ဒာ၊ မြေး အိမွန်ကျော် မိသားစုတို့က အလှူငွေကျပ် ငါးသိန်းကို ရွှေပြည်ဟိန်းဆရာတော် (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) ထံ လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံစဉ်။ (၅၃၅)

ငွေလှူဒါန်း

ဦးခင်အား ရည်စူး၍ တာမွေမြို့နယ် လေးဒေါင့်ကန်လမ်းနေ ဒေါ်ဟန်ကြွတ် မိသားစုက ဗဟန်းမြို့နယ် ဇီ၀ိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာ၀ရ ဆေးပဒေသာပင်အလှူငွေ အမေရိကန်ဒေါ်လာ ၃၀၀ လှူ ဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးတင်လှ လက်ခံယူစဉ်။
(က-ပ)

✱ ရှေ့ဖုံးမှ

အဆိုပါ ဖွင့်လှစ်သည့် ကျောင်းဆောင်သစ်များအနက် နီလာကျောင်းဆောင်သစ်ကို အလှူရှင် ဦးကြင်စိန်-ဒေါ်တင်လှ (နီလာစဥ့်ကိုင်ပဲလှော်) မိသားစုက အလျားပေ ၉၀၊ အနံ ၃၂ ပေရှိ အာရ်စီ နှစ်ထပ်ကျောင်းဆောင်သစ်အဖြစ် ငွေကျပ် သိန်း ၅၁၀ အကုန်အကျခံကာ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး သမီးချစ် စာသင်ဆောင်ကို အလှူရှင် ဦးမြင့်- ဒေါ်ခင်မမ [မသန့်မေမီဇော်(ခ)သမီးချစ်] မိသားစုက အလျားပေ ၉၀၊ အနံ ၃၂ ပေရှိ အာရ်စီ နှစ်ထပ်ကျောင်းဆောင်သစ်ကို ငွေကျပ် သိန်း ၁၂၀၀ အကုန်အကျခံကာ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

စာသင်ခန်းများအတွင်းရှိ ကျောင်းသုံး ပရိဘောဂများအတွက် ဦးကာက - ဒေါ်စိန် (ဦးကာက လက်ဖက်ခြောက်)က ငွေကျပ် သိန်း ၁၁၀ ကို လှူဒါန်းခဲ့ကြောင်းနှင့် ဆောက်လက်စ သုံးထပ်ဆောင်နှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းငွေမှာ ငွေကျပ် ၇၅ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူ ဓမ္မရိပ်သာကျောင်းတိုက်အတွင်း တည်ဆောက်ဆဲ စိတ္တဝိဝေက လေးထပ်ကျောင်းဆောင်တော်ကြီးအတွက် ဦးပေါ်ထွန်း-ဒေါ်မြင့်မြင့်သန်းတို့အား အမှူးထား၍ ဦးဇော်ဟိန်း-ဒေါ်လှလှအေး (လင်းလက်ရောင်ခြည်ပွဲရုံ၊ ဘုရင့်နောင်) မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းဆောင်တော်ကြီး ဖြစ်မြောက်ရေးကော်မတီ နာယက ဦးမျိုးဝေ လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

သုဝဏ္ဏသိဒ္ဓိဂီဆရာတော် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (ဂ)ရပ်ကွက် သံသုမာလမ်းရှိ သုဝဏ္ဏသိဒ္ဓိဂီ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက် ပဓာန နာယက ပြည်တွင်း ပြည်ပ သာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တကစ္စာယနအား ဂုဏဝိသိဋ္ဌ ပူဇာသဘင်ကို မေ ၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက် ပူဇော်ကြပါရန်ဖိတ်ကြားထားကြောင်း သိရသည်။

(ကြေးမုံ)

သဃ်န်းကျွန်းမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကစ်ဆံတော်ရှင် စေတီတော်မြတ်ကြီး တောင်ဘက်မုခ် အဝင်လမ်း ကတ္တရာလမ်းခင်းရန်အတွက် ငွေကျပ် တစ်သိန်းနှင့် စေတီတော်မြတ်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရန်အတွက် ငွေကျပ် တစ်သိန်း စုစုပေါင်း အလှူငွေ ကျပ်နှစ်သိန်းကို ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)လမ်းနေ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု၊ သားရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူ မိသားစုတို့က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးအေးကြည်နှင့် အဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ မြန်မာသကြင်္န်
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ မြန်မာသကြင်္န်
- ၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မြန်မာသကြင်္န်
- ၆း၃၅ ၁၄။ လှုပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ချစ်သောဤကမ္ဘာ အပိုင်း(၆)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - သွေးသစ္စာဓား အပိုင်း(၁၂)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာ နှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက် ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။ (ဓမ္မပဒ ၄၄)

သတင်းမှတ်တမ်း

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အသင်းဝင်များအား တွေ့ဆုံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧပြီ ၁၂ ရက် ည ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံခဲ့သည်။

လမ်းဖောက်လုပ်မှု လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့သည် ဧပြီ ၁၈ရက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျောက်ဆည် ခရိုင်က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာလမ်းသစ် ဖောက်လုပ်သည့် လမ်းတစ်လျှောက်ကို တောင်တက်လမ်း (၆)ထပ်ကွေ့ ဖောက်လုပ်ခြင်းနှင့် ကျောက်စီမြေထိန်းနံရံများ ဆောင်ရွက်ထားရှိမှုနှင့် ရဲရွာလမ်းဆုံ၌ လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ညှိနှိုင်း

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၉ရက်တွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

လားရှိုးဓာတ်အားခွဲရုံတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဧပြီ ၁၅ ရက်တွင် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ Control Room အဆောက်အအုံနှင့် Switch Yard တည်ဆောက်ပြီးစီးမှု၊ ဧပြီ ၁၆ ရက်တွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ ရွှေစာရံ ပင်မဓာတ်အားခွဲရုံအတွင်း တည်ဆောက်ရေး လုပ်ငန်းများနှင့် ထရန်စဖော်မာများ ရောက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့ ပိုမိုအဆင့်မြင့်ရေး ဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပိုမိုအဆင့်မြင့်ရေးအတွက် ဗိုလ်တထောင်ဘုရားလမ်းဆုံမှ သိမ်ဖြူလမ်းဆုံအထိ ကမ်းနားလမ်းအပိုင်းအား လူအား၊ စက်ယန္တရားအားတို့ဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှု၊ ဗိုလ်အောင်ကျော်လမ်း လူသွားစင်္ကြံနှင့် မဟာဗန္ဓုလပန်းခြံလမ်းဆုံအနီး ကုန်သည်လမ်း လူသွားစင်္ကြံတို့ကို ကွန်ကရစ်ခင်းနေမှု၊ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘူမိလမ်းသွယ် (၁၀)၌ ကျောက်စီခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

အီကွေဒေါနိုင်ငံ ကွီတိုမြို့တောင်ပိုင်းရှိ ညကလပ်တွင် ဧပြီ ၁၉ ရက်က မီးလောင်မှုဖြစ်ပွားရာ ဒဏ်ရာရရှိသူတစ်ဦးကို ကယ်ဆယ်ရေးအဖွဲ့က သယ်ယူလာစဉ်။(အဆိုပါမီးလောင်မှုတွင် ၁၄ ဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိသည်။) (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်သည် စက်တင်ဘာ ၁၁ရက်ဖြစ်ရပ်ကို အကြောင်းရှာ၍ အာဖဂန်နှင့် အီရတ်ကို ကျူးကျော်တိုက်ခိုက်ဟု အီရန်သမ္မတ စွပ်စွဲ

တီဟီရန် ဧပြီ ၁၆

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုများကို အကြောင်းရှာယိုးမယ်ဖွဲ့ပြီး အမေရိကန်နိုင်ငံသည် အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့ကို ကျူးကျော် တိုက်ခိုက်ခြင်းဖြစ်ကြောင်း အီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက်က စွပ်စွဲပြောကြားသည်။

အီရန်နိုင်ငံ ကွမ်မြို့လယ်ရှိဒေသနေ ပြည်သူများအား သမ္မတက အထက်ပါအတိုင်း ပြောကြားသည်ကို အိုင်အာရ်အင်န်အေ သတင်းဌာနက ဖော်ပြသည်။

အမေရိကန် ကျူးကျော်တိုက်ခိုက်မှုကြောင့် ယခုအချိန်၌ အီရတ်တွင် ပြည်သူတစ်သန်းကျော် သေဆုံးခဲ့ပြီး အာဖဂန်နစ္စတန်တွင် ထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်ဟု ၄င်းက ဆက်လက်ပြောကြားသည်။ ၂၀ရာစုတွင် နိုင်လိုမင်းထက် ပြုမူခြင်းကြောင့် ပဋိပက္ခများ ဖြစ်ပွားရာ ကမ္ဘာတစ်ဝန်းလုံးတွင် ပြည်သူ သန်း ၁၀၀ ကျော် သေဆုံးပြီး စီးပွားရေးကျဆင်းကာ ဆင်းရဲနွမ်းပါးသွား သူဦးရေ တစ်ဘီလီယံကျော်ရှိကြောင်း အီရန်သမ္မတက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ခင်ပွန်းမောင်းသည့်ကားနှင့် ဇနီးမောင်းသည့်ကား တိုက်ဇနီးဖြစ်သူ သေဆုံးပြီး ခင်ပွန်း အတွင်းလူနာဖြစ်

အော့တဝါ ဧပြီ ၁၇

ကနေဒါနိုင်ငံ ကွိဘက်ပြည်နယ် အရှေ့ပိုင်း ဒရမ်မွန်ဗယ်လီတွင် ခင်ပွန်းသည် မောင်းလာသောကားနှင့် ဇနီးသည် မောင်းလာသောကားတို့ တိုက်မိရာ ဇနီးဖြစ်သူ သေဆုံးပြီး ခင်ပွန်းဖြစ်သူမှာ ဆေးရုံတွင် တင်ထားရဆဲဖြစ်ကြောင်း ပြည်တွင်း သတင်းဌာနများက ကြေကွဲဖွယ်ရာဖြစ်ရပ်တစ်ခုအဖြစ် ကြာသပတေးနေ့တွင် ဖော်ပြကြသည်။

ခင်ပွန်းဖြစ်သူ ပက်ထရစ် လာဖလန်းမီးနှင့် ဇနီးရီးနီးဘော်ဗျူးတို့သည် အရက်ဆိုင်တစ်ခုအတွင်း အတူတကွရှိနေပြီး ဇနီးသည်က အရင်ပြန်နှင့်သည်ဟု ရဲအရာရှိက ပြောသည်။

ယာဉ်ကြောများ

ဇနီးကအိမ်မှ ပြန်အထွက် ခင်ပွန်းသည်ကလည်း အရက်ဆိုင်မှ အပြန်လမ်းတွင် တိုက်မိကြခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့အဆိုအရ ခင်ပွန်းသည် မောင်းလာသောထရပ်ကားသည် ယာဉ်ကြောများပြီး ဇနီးသည်၏ ကားကို ဝင်တိုက်ခြင်းဖြစ်ကြောင်းသိရသည်။

သေဆုံး

ဇနီးမောင်နှံ နှစ်ဦးစလုံးကို ဆေးရုံသို့အလျင်အမြန် ပို့ဆောင်ပေးခဲ့သည်။ ဇနီးမှာ ဆေးရုံရောက်ပြီး နာရီအနည်းငယ်အကြာ၌ သေဆုံးသွားသည်။ ခင်ပွန်းမှာ ခြေထောက်ကျိုးသွားပြီး ဦးခေါင်းအက်သွား၍ ဆေးရုံ၌ အတွင်းလူနာအဖြစ် ကုသဆဲဖြစ်သည်ဟု သတင်းများတွင်ဖော်ပြထားသည်။

အဆိုပါ ယာဉ်တိုက်မှုကို ကြိုတင်ကြံရွယ်ထားခြင်းမရှိကြောင်း ဆုံးဖြတ်ပြီး ရဲတပ်ဖွဲ့က မတော်တဆယာဉ်တိုက်မှုဟုသာ မှတ်တမ်းတင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာအာကာသစခန်းမှ အမျိုးသားအာကာသယာဉ်မှူးနှစ်ဦးနှင့်အတူ ဧပြီ ၁၉ ရက်က ကမ္ဘာ့မြေပြင်သို့ ပြန်လည်ရောက်ရှိလာသည့် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးအမျိုးသမီးအာကာသယာဉ်မှူး ယီဆိုယွန်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရုရှားအာကာသယာဉ်ပြန်လည်ဆင်းသက် အာကာသယာဉ်မှူးများ အန္တရာယ်ကင်း

မော်စကို ဧပြီ ၁၉

ရုရှားအာကာသယာဉ်သည် ကာဇက်စတန်သို့ စနေနေ့က ပြန်လည်ဆင်းသက်ခဲ့ရာ အာကာသယာဉ်မှူး သုံးဦးစလုံး အန္တရာယ်ကင်းရှင်းကြောင်း ထိန်းချုပ်ရေးစခန်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ အာကာသယာဉ်သည် သတ်မှတ်ချိန်ထက် မိနစ် ၂၀ ကျော်လွန်ခဲ့သည်။ အာကာသယာဉ်မှူး သုံးဦးဖြစ်သည့် တောင်ကိုရီးယားမှ အမျိုးသမီး ယီဆိုယွန်၊ အမေရိကန်မှ ပက်ဂီဝစ်ဆန်နှင့် ရုရှားမှ ယူရီမာလင်ချင်ကိုတို့ အန္တရာယ်ကင်းစွာ ဆင်းသက်ခဲ့ကြောင်း ထိန်းချုပ်ရေးစခန်းမှ ပြောရေးဆိုခွင့်ရှိသူ ဗာလာရီလင်ဒင်က ပြောကြားသည်။

အင်တာနက်။

ကြေးမုံ နိုင်ငံတကာ သတင်းများ

စစ်လက်နက်များပြုပြင်သုံးစွဲရေး အင်ဒိုနီးရှား ဦးစားပေးမည်

ဂျကာတာ ဧပြီ ၁၉

အင်ဒိုနီးရှားအစိုးရက ကာကွယ်ရေး အသုံးစရိတ်ကို ၁၅ ရာခိုင်နှုန်းဖြတ်တောက်ရန် ဆုံးဖြတ်ချက်ချပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာနက အဓိကစစ်လက်နက်ပစ္စည်းများ ပြုပြင်ရေးကို ဦးစားပေးရန် ဆုံးဖြတ်ကြောင်း ဝန်ကြီးတစ်ဦးက ပြောကြားသည်။

လိုအပ်

ပထမအဆင့်အဖြစ် ပြုပြင်ထိန်းသိမ်းရေးကို ဦးစားပေးမည်ဖြစ်ကြောင်း၊ မည်သည့်လက်နက်များကို ပြုပြင်ရမည်မှာ ဆက်လက်လေ့လာရန် လိုအပ်သေးကြောင်း ကာကွယ်ရေးဝန်ကြီး ဂျိုဝိုနိုဆူဒါဆိုနို၏ ပြောကြားချက်ကို အန်ကာရာသတင်းဌာနက ကိုးကား၍ စနေနေ့တွင်ဖော်ပြသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ဌာနချုပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များ ပူးပေါင်းလေ့လာ၍ ရရှိလာသောအဖြေပေါ်မှာမူတည်ပြီး လက်နက်များကို ပြုပြင်သုံးစွဲမည် သို့မဟုတ် အသစ်ဝယ်မည်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း ဝန်ကြီးက သောကြာနေ့တွင် ပြောကြားသည်။

လက်နက်များကို စတင်ပြုပြင်ပြီးနောက် ၁၅နှစ်အထိ သုံးစွဲနိုင်မည်ဟု ဝန်ကြီးက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အနောက်ဘက်ကမ်း၌ ရဲစခန်း ၂၀ ဆောက်လုပ်ရန် အစ္စရေးနှင့်ပါလက်စတိုင်း သဘောတူညီမှုရရှိ

ဂျေရုဆလင် ဧပြီ ၁၈

အနောက်ဘက်ကမ်းတွင် ရဲစခန်း ၂၀ ဆောက်လုပ်ရန် အစ္စရေးနှင့် ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့ (ပီအင်န်အေ)တို့ ဧပြီ ၁၈ ရက်က သဘောတူညီခဲ့သည်။

နှစ်ဖက် သဘောတူညီချက်အရ ရဲစခန်းအများအပြားကို ထူထောင်မည်ဖြစ်သည်။ အနောက်ဘက်ကျေးရွာများတွင် ပါလက်စတိုင်းရဲတပ်ဖွဲ့ဝင် ၅၀၀ခန့်ဖြန့်ချထားမည်ဖြစ်သည်။

လာမည့်သီတင်းပတ်၌ အစ္စရေးနှင့်ပါလက်စတိုင်း လုံခြုံရေးတာဝန်ရှိသူများ နောက်တစ်ကြိမ် တွေ့ဆုံပြီးမှ ရဲစခန်း ၂၀ ကို ဆောက်လုပ်ရန် တာဝန်ပေးမည်ဖြစ်သည်။

လွန်ခဲ့သည့်တစ်လခန့်ကဂျင်းနင်းမြို့တွင် အစ္စရေး ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်က ပါလက်စတိုင်းရဲတပ်ဖွဲ့ဝင် ၆၀၀ ချထားရန် လက်ခံခဲ့သည်။

အင်တာနက်။

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ အစ္စရေးတပ်ဖွဲ့အား ပါလက်စတိုင်း စစ်သွေးကြွများက ဧပြီ ၁၆ ရက်က တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသည့် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးကို ဘီယာရှီဘာဆေးရုံသို့ သယ်ဆောင်လာစဉ်။ (ယင်းဖြစ်ပွားမှုတွင် ပါလက်စတိုင်း ငါးဦးသေဆုံးသည်။)

(ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်းလက်နက်ကိုင်များ ကားဗုံးခွဲ အစ္စရေးတပ်ဖွဲ့ဝင်များ ဒဏ်ရာရ

ဂါဇာ ဧပြီ ၁၉

ဂါဇာကမ်းမြောင်ဒေသ အစ္စရေးနိုင်ငံဘက်သို့ ဖြတ်ကျော်သော နယ်စပ်အနီး၌ စနေနေ့တွင် ပါလက်စတိုင်း လက်နက်ကိုင်များက ကားဗုံးတစ်လုံးကို ဖောက်ခွဲတိုက်ခိုက်သဖြင့် အစ္စရေးတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိသွားကြောင်း အစ္စရေးစစ်တပ်က ပြောကြားသည်။

ပြောကြားခြင်းမပြု

ပါလက်စတိုင်း လက်နက်ကိုင်များသည် နံနက်ခင်းမြူနှင်းများကို အကာအကွယ်ယူ၍ ကီးရင်းရှာလွန် နယ်စပ်ဖြတ်ကျော်ရေးစခန်းအနီးသို့ ချဉ်းကပ်ခဲ့ကြခြင်းဖြစ်ကြောင်း အစ္စရေးစစ်တပ်က ပြောကြားပြီး ဒဏ်ရာရရှိသူ အရေအတွက်ကိုမူ ပြောကြားခြင်းမပြုပေ။

ကြေညာခြင်းမရှိ

မည်သည့်အဖွဲ့အစည်းကမှ ၄င်းတို့၏ လက်ချက်ဖြစ်ကြောင်း ကြေညာခြင်းမရှိသေးပေ။ ကီးရင်းရှာလွန်စခန်းသည် ဂါဇာကမ်းမြောင်ဒေသသို့ သွားသည့် ထောက်ပံ့ရေးလမ်းကြောင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

အင်တာနက်။

ဆိုမာလီမြို့တော်တွင် တိုက်ပွဲပြင်းထန်မှုကြောင့် ရှစ်ဦးသေဆုံး

မိုဂါဒစ်ရှူး ဧပြီ ၂၀

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တွင် ဧပြီ၁၉ရက်က ဆိုမာလီသောင်းကျန်းသူများနှင့် အီသီယိုပီးယားတပ်ဖွဲ့များ တိုက်ခိုက်မှုဖြစ်ပွားရာ အီသီယိုပီးယားတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် လူရှစ်ဦးသေဆုံးကြောင်း ဒေသခံများက ပြောကြားသည်။

မြို့တော်၏အဓိကဈေးကြီး၌ အီသီယိုပီးယားတပ်ဖွဲ့များကင်းလှည့်နေစဉ် သောင်းကျန်းသူများ ပစ်ခတ်ခဲ့ကြောင်း၊ တပ်ဖွဲ့များကပြန်လည်ပစ်ခတ်မှုကြောင့် မိန်းကလေးငယ်တစ်ဦးသေဆုံးပြီး ၄င်း၏ညီမနှစ်ဦးဒဏ်ရာပြင်းထန်စွာရရှိကြောင်း ဒေသခံများက ရိုက်တာသို့ပြောကြားသည်။

မိုဂါဒစ်ရှူးမြို့ မြောက်ဘက်ဖာဂါ့ချ်ရပ်ကွက်ရှိ စားသောက်ဆိုင်ဝန်းကျင်သို့ စိန်ပြောင်းဗုံးသီးကျရောက်မှုကြောင့် လမ်းပေါ်ရှိ အမျိုးသားငါးဦးသေဆုံးကာ စားသောက်ဆိုင်အတွင်းရှိ လူအနည်းဆုံးခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

စပိန်၌ဘတ်စ်ကားတိမ်းမှောက်၊ ဖင်လန်နိုင်ငံသားကိုးဦးသေဆုံးပြီး၄၀ဒဏ်ရာရ

မဒရစ် ဧပြီ ၂၀

စပိန်နိုင်ငံတောင်ပိုင်းတွင် ဧပြီ ၁၉ရက်က ကမ္ဘာလှည့်ခရီးသည်များ တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ ဖင်လန်နိုင်ငံသား ခရီးသည်ကိုးဦး သေဆုံးကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ယင်းမတော်တဆဖြစ်ပွားမှုတွင် ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ဦး၊ အမျိုးသမီးခြောက်ဦးနှင့် အမျိုးသားနှစ်ဦးတို့ သေဆုံးရသည်။

ဘတ်စ်ကားတိမ်းမှောက်မှုမှာ စပိန်နိုင်ငံတောင်ပိုင်း ဘီနာလ်မာဒီနာမြို့ အပန်းဖြေစခန်းအနီးတွင် ဖြစ်ပွားခြင်းဖြစ်ပြီး အခြားခရီးသည် ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယာဉ်မောင်းသူသည် အရက်သောက်စားပြီး အရှိန်ပြင်းထန်စွာ မောင်းနှင်မှုကြောင့် ယာဉ်မှောက်မှုဖြစ်ပွားခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူအရေအတွက် ပို၍တိုးလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

စပိန်နိုင်ငံ မြေထဲပင်လယ် မာလာဂါဆိပ်ကမ်းအနီးတွင် ဘတ်စ်ကားတစ်စီး ဧပြီ ၁၉ရက်က တိမ်းမှောက်သွားရာ ကယ်ဆယ်ရေးတပ်ဖွဲ့များ စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တွင် အမေရိကန်တို့ အာနိသင်လျော့ယူရေနီယံ သုံးမသုံး စစ်ဆေးမည်

ကဘူလ်း ဧပြီ ၁၉

အာဖဂန်နစ္စတန် အစိုးရသည် ၂၀၀၁ခုနှစ်တွင် အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်ကို ကျူးကျော်တိုက်ခိုက်စဉ် အာနိသင်လျော့ပါးနေသော ယူရေနီယံများကို သုံးစွဲခဲ့ခြင်းရှိမရှိနှင့် အဆိုပါယူရေနီယံနှင့် ကလေးငယ်များပုံပန်းမကျ မွေးဖွားလာခြင်းတို့ ဆက်စပ်မှုရှိမရှိ စစ်ဆေးရန်စီစဉ်လျက်ရှိသည်။

ဗုံးကြဲတိုက်ခိုက်

အယ်လ်ခိုင်ဒါခေါင်းဆောင်ပုန်းအောင်းနေသည်ဟု သံသယရှိသော အာဖဂန်နစ္စတန်အရှေ့ပိုင်း တောင်တန်းများ ထူထပ်သည့် တိုဒါဘိုဒါဒေသရှိ တာလီဘန်တို့ကို တိုက်ထုတ်စဉ်က အမေရိကန်တို့က အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အာနိသင်လျော့ပါးနေသော ယူရေနီယံတို့ကို အချို့လက်နက်များတွင် အသုံးပြုသည်။ ထိုလက်နက်များသည် သံချပ်ကာယာဉ်များကိုပင် အစိတ်စိတ်အမြွှာမြွှာဖြစ်သွားစေနိုင်ပြီး ရေဒီယိုသတ္တိကြွမှု အဆင့်အနည်းငယ်ရှိသည်။

အာဖဂန် ဒုတိယကျန်းမာရေးဝန်ကြီး ဖိုင်ဇူးလ်လပ်ချ်ကာကားက ပြင်းထန်စွာ ဗုံးကြဲခံခဲ့ရသောဒေသများတွင် ကလေးများပုံပန်းမကျ မွေးဖွားလာကြောင်း အမေရိကန်ကျွမ်းကျင်ပညာရှင်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ပြောကြားသည်။

အာဖဂန်အစိုးရသည် အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးရန်စီစဉ်နေကြောင်း ၄င်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ယာလာ ဧပြီ ၂၀

ထိုင်းနိုင်ငံ တောင်ပိုင်း ယာလာပြည်နယ်ရှိ နိုင်ငံပိုင်မီးရထားအလုပ်သမားများ၏အိမ်ရှေ့တွင် ဧပြီ ၂၀ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကလေးငယ်တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးအပါ အဝင် ၁၃ဦးဒဏ်ရာရရှိကြောင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ၂၀၀၄ခုနှစ် ဇန်နဝါရီလကတည်းက သောင်းကျန်းသူများ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ၃၀၀၀ကျော် သေဆုံးခဲ့ရသည်။

အင်တာနက်။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ ဆာဒါစီးတီးမြို့တွင် တိုက်ပွဲများဖြစ်ပွားသောကြောင့် ပျက်စီးသွားသော နေအိမ်ကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆာဒါစီးတီးဒေသတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွား၊ ခြောက်ဦးသေ

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံ ဆာဒါစီးတီးမြို့တစ်ဝိုက်တွင်ဖြစ်ပွားနေသော တိုက်ပွဲများသည် ရှီးယိုက်လက်နက်ကိုင်များခြေကုပ်ဖြစ်သည့် ဘဂ္ဂဒက်အထိ တနင်္ဂနွေနေ့က ပျံ့နှံ့သွားရာ ကလေးနှစ်ဦးအပါအဝင် ခြောက်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အီရတ်အစိုးရသည် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များပူးပေါင်း၍ ၄င်း၏ နောက်လိုက်များအား ချေမှုန်းနေခြင်းကို မရပ်ဆိုင်းလျှင် စစ်ကြေညာရမည်ဖြစ်ကြောင်း အမေရိကန်ဆန့်ကျင်ရေးသမား ဘာသာရေးခေါင်းဆောင် မွတ်တာဖာ အယ်လ်ဆာဒါး၏ သတိပေးချက်ထွက်ပေါ်လာပြီး နာရီပိုင်းအကြာတွင် တိုက်ပွဲများဖြစ်ပွားလာခြင်းဖြစ်သည်။

ထိုအချိန်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည် အမေရိကန်အားပေးသော ရှီးယိုက်အစိုးရအား ဆွန်နီနှင့် ကာ့ဒ်တို့၏ ထောက်ခံမှုရရှိရန် စည်းရုံးရေးအတွက် ဘဂ္ဂဒက်မြို့သို့ ရောက်ရှိနေသည်။

သန်းခေါင်ယံအကျော်ဖြစ်ပွားသော တိုက်ပွဲများတွင် အသက်ရှစ်နှစ်နှင့် ၁၀နှစ် ယောက်ျားလေးနှစ်ဦးနှင့် လူလေးဦး သေဆုံးကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် ဆေးရုံဝန်ထမ်းများက ပြောကြားသည်။ ***အင်တာနက်။***

တာလီဘန်များက ပါကစ္စတန်သံအမတ်ကိုဖမ်းထား

အစ္စလာမ္မာဘတ် ဧပြီ ၂၀

ဖေဖော်ဝါရီလအတွင်းက ပျောက်ဆုံးသွားသော အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကို တာလီဘန်များက ဖမ်းဆီးထားကြောင်း အယ်လ်အာ ရေးဗီးယားရုပ်မြင်သံကြားလိုင်းက ဗီဒီယိုတိပ်ခွေဖြင့် စနေနေ့တွင် ထုတ်လွှင့်လိုက်သည်။

ပါကစ္စတန်သံအမတ်တာရစ်နာဇီဇူဒင်က ပါကစ္စတန်အစိုးရအား ၄င်းနှင့် ၄င်း၏ယာဉ်မောင်း၊ သက်တော်စောင့်တို့ လွတ်မြောက်ရေးအတွက် တာလီဘန်တို့၏ တောင်းဆိုချက်ကိုလိုက်လျောရန် ပြောကြားသည်။

သံအမတ်သည် လူနှစ်ဦးနှင့်အတူထိုင်နေ၍ နောက်ဘက်တွင် လက်နက်ကိုင်သုံးဦးက ရပ်လျက်ရှိသည်ကို ဗီဒီယိုပြကွက်တွင် တွေ့ရသည်။

ဖေဖော်ဝါရီ ၁၁ရက်က အာဖဂန်နစ္စတန်သို့ကားဖြင့်သွားရာ ကိုင်ဘာဒေသအရောက်တွင် တာလီဘန် မူဂျာဟီဒင်တို့က ပြန်ပေးဆွဲသွားကြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်နိုင်ငံ ဘိုင်ဘာအိုမြို့တွင် ဧပြီ ၁၇ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တီမောနှင့် အင်ဒိုနီးရှားတွင် ငလျင်လှုပ်

ဂျကာတာ ဧပြီ ၁၉

တီမောနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ၏ အရှေ့ပိုင်းကို မဂ္ဂနီကျု ၆ဒသမ၂ ရှိသော ငလျင်တစ်ခုသည် စနေနေ့ ညနေပိုင်းက လှုပ်သွားကြောင်း၊ အသေအပျောက်နှင့် အပျက်အစီးသတင်းကို မရရှိကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနက ပြောကြားသည်။

တီမောနိုင်ငံ မြို့တော်ဒါလီ၏ အရှေ့မြောက်ဘက် ၈၁ ကီလိုမီတာအကွာ အင်ဒိုနီးရှားနိုင်ငံ လာလူကူပြည်နယ် ဝီတားကျွန်း၏ ကီလိုမီတာ ၂၀အကွာ ပင်လယ်ကြမ်းပြင်အောက် ကီလိုမီတာ၃၀အနက်ကို ဗဟိုပြု၍ ဂျကာတာစံတော်ချိန် ၁၇နာရီ ၂၁မိနစ် (ဂရင်းနစ်စံတော်ချိန် ၁၅၂၁) တွင် အဆိုပါငလျင်လှုပ်သွားကြောင်း မိုးလေဝသဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သစ္စာ၊ သမာဓိရှိသူတို့၏ အနာဂတ်နိုင်ငံတော်ဆီသို့

အငြိမ်းစားဝန်ထမ်းတစ်ဦး

ယနေ့ မြန်မာနိုင်ငံသားတိုင်းကို မေးကြည့်ရင် ဒီမိုကရေစီရချင်တယ်၊ ဒီမိုကရေစီ ထွန်းကားပြန့်ပွားတာကို လိုလားတယ်လို့ ဖြေကြမှာ မလွဲကေန်ပါပဲ။

ဒီမိုကရေစီဆိုတာ ဘာလဲ။ မူလပထမကတော့ လူတိုင်းပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းပဲဖြစ်တယ်။ အဲဒီလို ပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းဟာ နိုင်ငံသားတိုင်းရဲ့ မူလအခွင့်အရေးဖြစ်သလို တာဝန်လဲဖြစ်ပါပေတယ်။

လာမယ့် ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့မှာ မြန်မာနိုင်ငံသားတိုင်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ ဥပဒေနဲ့အညီ မဲပေးခွင့်ရရှိကြတော့မှာဖြစ်တယ်။ မဲပေးခွင့်ရရှိခြင်းဟာ မိမိတို့ရဲ့ မူလအခွင့်အရေးများရဲ့ အဓိက အခွင့်အရေးကို အခြေခံကျကျ ရရှိလိုက်ခြင်းမည်တယ်။ တစ်နည်းဆိုရ သော် မဲပေးခွင့်ရရှိခြင်းဟာ မိမိတို့ရဲ့ တာဝန်များအနက် မူလတာဝန်ကို အဓိပ္ပာယ်ရှိရှိ ထမ်းဆောင်ခြင်းလည်း မည်ပါတယ်။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲမှာ မဲပေးပိုင်ခွင့်ရှိပါလျက်နဲ့ မဲသွားမပေးဘူး။ မဲပေးပင်ပေးသော်ငြား ထောက်ခံမဲမပေးဘဲ ကန့်ကွက်မဲပေးတယ်ဆိုရင် ဘာဖြစ်မလဲ။ ယနေ့လုပ်ရမယ့် အလုပ်ကို မနက်ဖြန်သို့ မရွှေ့ပါနဲ့ဆိုတဲ့ စကားရှိထားတယ်မဟုတ်လား။ တိုင်းပြည်အတွက်ရော၊ ကိုယ့်အတွက်ပါ အချိန်တွေကြန့်ကြာပြီး မိအေးနှစ်ခါနာ ဖြစ်သွားမှာ သေချာပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အခုပြည်လုံးကျွတ် ဆန္ဒခံယူပွဲမှာ ထောက်ခံဆန္ဒမဲအများစုနဲ့ အတည်ပြုရမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းဟာ တိုင်းပြည်အတွက်ရော၊ မိမိတို့အတွက်ပါ ဒီမိုကရေစီရရှိရေးနဲ့ ထွန်းကားပြန့်ပွားရေးကို အာမခံချက် အပြည့်အဝပေးထားလို့ပဲ ဖြစ်တယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုနိုင်မှသာ ပြည်သူ့ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ပါလိမ့်မယ်။ ပြည်သူ့ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ရဲ့ အခြေခံအုတ်မြစ်ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ပဲဖြစ်တယ်။ အခြေခံအုတ်မြစ်ရှိမှသာ အပေါ်ထပ်အဆောက် အအုံဖြစ်တဲ့ နိုင်ငံရေး၊စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ ကဏ္ဍအသီးသီးကို စိတ်တိုင်းကျ လုပ်ဆောင် မြှင့်တင်နိုင်ပါလိမ့်မယ်။

ဒါကြောင့်မို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံအတည်ပြုခြင်းဟာ အခြေခံအုတ်မြစ်ပန္နက်တင်ပွဲမှာ နိုင်ငံသားတိုင်း တာဝန်ကိုယ်စီရှိကြသည်နှင့်အညီ တာဝန်ကျေပွန်အောင် ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။

အဲဒီလိုဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ဘာကြောင့်ထောက်ခံမဲပေးသင့်သလဲဆိုတာ မေးစရာဖြစ်လာပါလိမ့်မယ်။ အလွယ်ဆုံးနဲ့ အရိုးရှင်းဆုံးအဖြေကတော့ အခြေခံဥပဒေမရှိဘဲ အုပ်ချုပ်ခံနေရတာထက် အခြေခံဥပဒေရှိပြီး အဲဒီ အခြေခံဥပဒေနဲ့အညီ အုပ်ချုပ်ခံရတာက ပိုပြီး ဒီမိုကရေစီနည်းလမ်း ကျလို့ပါပဲ။ အဲဒီ အခြေခံဥပဒေဟာ မည်သူ့ကိုမဆို ဥပဒေအရာမှာ တန်းတူညီမျှ အခွင့်အရေးရရှိအောင်ဖော်ဆောင်ပေးထားလို့လည်းဖြစ်တယ်။ အဲဒီ အခြေခံဥပဒေဟာ မည်သူ့ ကိုမဆို ဥပဒေအကာအကွယ်ကို တန်းတူညီမျှစွာ ပေးထားလို့ပဲဖြစ်တယ်။

ခုဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းစာအုပ်ကို တစ်ပြည်လုံးမှာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုနိုင်အောင်ပုံနှိပ်ဖြန့်ချိပေးထားပါတယ်။ အခြေခံဥပဒေလို့ဆိုတဲ့အတွက် ဥပဒေဝေါဟာရတွေကို ခက်ခက်ခဲခဲ အဓိပ္ပာယ်ဖွင့်ဆိုရလောက်အောင် ရေးထားမယ်လို့ ထင်စရာရှိပါတယ်။ လက်တွေ့လေ့လာဖတ်ရှုတဲ့အခါမှာ မြန်မာစာဖတ်တတ်သူတိုင်း နားလည်သဘောပေါက်အောင် ရှင်းရှင်းလင်းလင်း ရေးသားဖော်ပြထားတာ တွေ့နိုင်ပါတယ်။

အဲဒီအခြေခံဥပဒေမူကြမ်းမှာ နိဒါန်းနဲ့ အခန်း ၁၅ ခန်းပါဝင်ပါတယ်။ အခြားအခန်းတွေ မဖတ်သေးဘဲ အခန်း(၈)နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းကို ဖတ်ကြည့်ရုံနဲ့ မိမိကိုယ်ကို အဓိပ္ပာယ်ရှိသောလူ၊ လူချင်းတူတူ သူချင်းမျှမျှ ဒီမိုကရေစီ အခွင့်အရေးရတဲ့ နိုင်ငံသား၊ ကျောသားရင်သားမခွဲခြားဘဲ တန်းတူညီမျှ အခွင့်အရေးရတဲ့ တိုင်းရင်းသားအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်မှာဖြစ်ပါတယ်။

အခန်း(၈)ကို ဖတ်ပြီးလို့ အချိန်ရရင် အခန်း(၁)နိုင်ငံတော်အခြေခံမူများအခန်းကိုလည်း လေ့လာစေချင်ပါတယ်။ အနာဂတ်နိုင်ငံတော်ကို အခန်း(၁)ပါ အခြေခံမူများနဲ့အညီ တည်ဆောက်မြှင့်တင်သွားမှာဖြစ်ပါတယ်။ အဲဒီအခန်းမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီ ကျင့်သုံးမှု၊ ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်မှု၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖော်ဆောင်မှု၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကျင့်သုံးမှု စတဲ့ တောင့်တင်းခိုင်မာတဲ့ အခြေခံမူတွေကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။

မူကြမ်းတစ်အုပ်လုံးကို ဖတ်ရှုပြီးရင် အခုအခြေခံဥပဒေဟာ တိုင်းရင်းသား (နိုင်ငံသား)တိုင်းအတွက် မူလအခွင့်အရေးနဲ့ အခြားအခွင့်အရေး တွေကို ၁၀၀ရာခိုင်နှုန်း(ရာနှုန်းပြည့်) ပေးအပ်ထားတဲ့ အသင့်လျော်ဆုံး အခြေခံဥပဒေဖြစ်ကြောင်း တွေ့ရှိရပါလိမ့်မယ်။

တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေတာတို့၊ ရွေးချယ်ခံကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းပဲ ပါဝင်နေတာတို့ ဆိုတာက အာဏာကို မောင်ပိုင်စီးချင်တဲ့ နိုင်ငံရေးသမားတွေရဲ့ သွေးထိုးလှုံ့ဆော်တဲ့ စကားတွေသာဖြစ်ကြောင်းလည်း ဆင်ခြင်သုံးသပ်နိုင်ပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေခြင်းဟာ အရွေးချယ်ခံမဟုတ်တာကလွဲလို့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ ကျင့်သုံးရာမှာ တိမ်းစောင်းချွတ်ချော်မှုတွေရှိလာခဲ့ရင် ပြည်သူလူထုကိုယ်စား ပါဝင်ထိန်းညှိပေးဖို့သာဖြစ်နေလို့ပါပဲ။

အခုအခြေခံဥပဒေရဲ့ အဓိကအကျဆုံး အနှစ်သာရကတော့ ပါတီစုံဒီမိုကရေစီစနစ်ကို စစ်မှန်စွာနဲ့ စည်းကမ်းပြည့်ဝစွာ ကျင့်သုံးနိုင်အောင် ဖော်ဆောင်ပေးထားခြင်းဖြစ်ပါတယ်။ ဒါဟာ နိုင်ငံသားတိုင်းအတွက် အနာဂတ်အရေး ထာဝစဉ် စိတ်အေးရမယ့်ဖော်ဆောင်မှုဖြစ်တယ်။

ဟိုယခင် ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ ပါလီမန် ဒီမိုကရေစီစနစ်ကျင့်သုံးခဲ့စဉ်ကလို နိုင်ငံရေးပါတီတွေရဲ့ အာဏာရယူလိုမှုပြဿနာမျိုး၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေအရ တစ်ပါတီစနစ်ကျင့်သုံးခဲ့စဉ်ကလို ပါတီတစ်ခုတည်းရဲ့ အာဏာချုပ်ကိုင်ထားမှုပြဿနာမျိုး လုံးဝမပေါ်ပေါက် အောင် ဖော်ဆောင်ပေးထားကြောင်း သုံးသပ်တွေ့ရှိရပါလိမ့်မယ်။

နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတွေကို တပ်မတော်ကလည်း ထိန်းချုပ်ထားတာမျိုးလုံးဝမရှိပါဘူး။ အဲဒီ အာဏာသုံးရပ်ဟာ နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်နေတာ ဖြစ်ပါတယ်။ အဲဒီ အာဏာသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲစေပြီး အချင်းချင်း အပြန်အလှန်ထိန်းညှိတဲ့စနစ် ကျင့်သုံးဖော်ဆောင်ထားတာ တွေ့ရပါလိမ့်မယ်။

နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်ပြီး ဒွိဟပွားစရာများလည်း မရှိပါဘူး။ နိုင်ငံတော် အခြေခံမူများအခန်းမှာ-

၄၁။ နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။

၄၂။ (က) နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု။

(ခ) နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုလို့ ပြဋ္ဌာန်းထားတာကို တွေ့ရှိနိုင်ပါတယ်။

မလိုသူတွေက ဘယ်လိုပဲပြောပြော မြန်မာတို့ရဲ့ နိုင်ငံခြားရေးဝါဒကို ကမ္ဘာက လေးစားလျက်ရှိနေပါတယ်။ ၁၉၇၁ခုနှစ် နိုဝင်ဘာ၁ရက်နေ့ထုတ် လန်ဒန်တိုင်းမ်သတင်းစာ အယ်ဒီတာ့အာဘော်မှာ အခုလို ရေးသားဖော်ပြခဲ့ကြောင်း လေ့လာသိရှိခဲ့ဖူးပါတယ်-

"အာရှတိုက်မှ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဘက်မလိုက်သောဝါဒကို ကျင့်သုံးသဖြင့် ဆုရထိုက်သည်ဆိုလျှင် ထိုနိုင်ငံသည် မြန်မာနိုင်ငံသာ ဖြစ်ပေလိမ့်မယ်။ စစ်အေးတိုက်ပွဲအရှိန်အထွတ် အထိပ်သို့ ရောက်ရှိခဲ့စဉ် ဟိုဘက် သည်ဘက်မှ ၎င်းတို့၏ ဩဇာကိုလက်ခံလာစေရန်အတွက် တံစိုးလက်ဆောင်များ၊ လာဘ်များ ပေးခဲ့စဉ်ကလည်း မမှုခဲ့ဘဲ ကြံ့ကြံ့ခံခဲ့သော မြန်မာတို့သည် ကမ္ဘာနှင့် ခြိုကြည့်မည်ဆိုလျှင် ယခုအခါ ဆင်းရဲနေသေးသော်လည်း သစ္စာ၊ သမာဓိရှိသူများသာဖြစ်ကြပေသည်။"

မြန်မာနိုင်ငံသားတွေကို သစ္စာ၊ သမာဓိရှိသူများလို့ ကမ္ဘာက မြင်ထားပါတယ်။အဲဒီ သစ္စာ၊ သမာဓိဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ လွတ်လပ်ရေးကို မြတ်နိုးမှု၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားမှု၊ နယ်ချဲ့စွက်ဖက်မှုနဲ့ နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားမှု၊ ရုပ်သေးအစိုးရကို လက်မခံလိုမှုတွေကနေ မြစ်ဖျားခံလာတဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ပဲဖြစ်ပါတယ်။

ဒါကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နိုင်ငံသားတိုင်း သစ္စာ၊ သမာဓိရှိစွာ ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုရေးအတွက် တစ်ခဲနက်ထောက်ခံမဲပေးကြမယ်လို့ ယုံကြည်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲမှာ မဲပေးပိုင်ခွင့်ရှိပါလျက်နဲ့ မဲသွား မပေးဘူး။ မဲပေးပင်ပေးသော်ငြား ထောက်ခံမဲ မပေးဘဲ ကန့်ကွက်မဲ ပေးတယ်ဆိုရင် ဘာဖြစ်မလဲ။ ယနေ့လုပ်ရမယ့် အလုပ်ကို မနက်ဖြန် သို့ မရွှေ့ပါနဲ့ဆိုတဲ့ စကားရှိထားတယ်မဟုတ်လား။ တိုင်းပြည်အတွက်ရော၊ ကိုယ့်အတွက်ပါ အချိန်တွေကြန့်ကြာပြီး မိအေးနှစ်ခါနာ ဖြစ်သွားမှာ သေချာပါတယ်။

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတို့သည် ဧပြီ ၁၂ ရက်တွင် စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ဂွဲသားမွေးကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက အရာတော်မြို့နယ်တွင် ရေလျှံတွင်းများတူးဖော်၍ ကျေးလက်ဒေသရေရရှိရေး ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုကြပြီး ကျေးရွာလူထုနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အားကစားပစ္စည်းများနှင့် ဝတ်စုံများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အထွေထွေအတွင်းရေးမှူးတို့သည် ငှက်ပျောခြံကျေးရွာအုပ်စု ငွေတွင်းကုန်းကျေးရွာတွင် အနက်ပေ ၁၀၇၀ မှ တစ်နာရီလျှင် ရေဂါလန် ၁၆၀၀၀ ထွက်ရှိနေသည့် ရေလျှံတွင်း အမှတ်(၁၇)ကို သွားရောက်ကြည့်ရှု၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးကြပြီး ငွေတွင်းကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အိန္ဒြိယနှင့် ဘဒ္ဒန္တတိက္ခဉာဏတို့အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အထွေထွေအတွင်းရေးမှူးတို့သည် အိုင်လျားကျေးရွာရှိ ရေလျှံတွင်းအမှတ် (၁၉) စက်ရေတွင်း ဖွင့်လှစ်သည့် အခမ်းအနားကို တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အထွေထွေအတွင်းရေးမှူးတို့သည် အိုင်လျားကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျေးရွာပြည်သူ ၂၀၀၀ ကျော်နှင့် တွေ့ဆုံသည်။ ဆက်လက်၍ တိုင်းမှူးနှင့် အထွေထွေအတွင်းရေးမှူးတို့သည် မွန်းလွဲပိုင်းတွင် ရသစ်ကျေးရွာရှိ ရေလျှံတွင်း စက်ရေတွင်း တူးဖော်နေမှုနှင့် ရေထွက်ရှိမှု အခြေအနေ၊ မြေသားနှင့် ကျောက်နမူနာတို့ကို ကြည့်ရှုကြပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စများကို မှာကြားကာ ကျေးရွာပြည်သူများအား အားကစားပစ္စည်းများနှင့် ဝတ်စုံများ ထောက်ပံ့ခဲ့ကြသည်။ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ညပိုင်းတွင် မုံရွာမြို့ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ်၂၉ရက်က ကျင်းပသော အထက(၅)တာမွေ ကျောင်းသားဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျောင်းခန်းမ၌ ကျင်းပပြီး ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးအား ကျောင်းသားဟောင်း ဦးကျော်ကျော်နိုင်က ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။

(က-ပ)



ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ကျောက်တန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါ(M.I.T.T) လီမိတက်၏ ကိုယ်စားဦးထွန်းလွင်က ဘိုးဘွားရိပ်သာပြုစုစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလှရွှေထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

အလုပ်သမားဝန်ကြီးဌာန စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၀

အလုပ်သမားဝန်ကြီးဌာန ပထမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနား သပြေတောင်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေ၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်ထွန်းအောင်နှင့် ဇနီးဒေါ်ခင်သက်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့်ဝန်ထမ်း မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပင့်သံဃာ ၁၅ပါးနှင့် ဒုလ္လဘရဟန်း ၃၈ ပါးတို့အား သိမ်ဆင်းလောင်းလှူကြသည်။

ဆက်လက်၍ သပြေတောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ဧည့်ပရိသတ်တို့က ရေစက်ချတရားတော် နာယူကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလုပ်သမားဝန်ကြီးဌာန ပထမအကြိမ် စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားတွင် ရဟန်းလောင်း ၃၈ ပါးနှင့် ရှင်သာမဏေ ၁၄ ပါး ပေါင်း ၅၂ ပါးတို့အား သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ကျေးဇူးရှင် မိခင်ကြီးဒေါ်တာ၏ ကိုးနှစ်ပြည့် အလှူအဖြစ် ခင်ပွန်း ဦးအောင်ကြည်(အောင်သပြေနှင့်ဒရင်းလိုက်) မိသားစုက ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာ ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် သုံးသိန်းကို လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီး မဟာရုံတံတိုင်း၏ မုခ်ဦး တည်ဆောက်ရန်အတွက် ပထမအကြိမ် အလှူငွေကျပ် ၁၅ သိန်းကို ကွယ်လွန်သူ ဒေါ်တေးပွေးကြူအားရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၂၉လမ်းနေ ခင်ပွန်းဖြစ်သူ ဦးငင်ဟိုဘီ (ခ)ဦးတင်လှိုင် မိသားစုက ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ(ရတနာဇေယျကျောင်း) ရှေ့မှောက်တွင်ပေးအပ် လှူဒါန်းရာ ဒု-ဥက္ကဋ္ဌ ဦးဘချို လက်ခံယူစဉ်။

(က-ပ)

ဓာတ်ငွေ့/ဓာတ်ငွေ့ရည်ဆလင်ဒါအိုး သုံးစွဲသူများအထူးသတိပြုရန်

၁။ စီအင်န်ဂျီ၊ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ အောက်ဆီအက်ဆီတလင်း၊ အယ်လ်ပီဂျီ စသည့် ဓာတ်ငွေ့/ဓာတ်ငွေ့ရည် ထည့်သွင်းအသုံးပြုရန် ထုတ်လုပ်ထားသော ဆလင်ဒါအိုးအမျိုးအစားအလိုက် ဖိအားခံနိုင်ရည်ရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ဆလင်ဒါအိုးအမျိုးအစား	ဖိအားခံနိုင်ရည်ရှိမှု
(က)	စီအင်န်ဂျီ	၃၀၀၀ပေါင်/စတုရန်းလက်မ
(ခ)	အောက်စီဂျင်နှင့်နိုက်ထရိုဂျင်	၂၂၀၀ပေါင်/စတုရန်းလက်မ
(ဂ)	အောက်စီအက်ဆီတလင်း	၂၅၀ပေါင်/စတုရန်းလက်မ
(ဃ)	အယ်လ်ပီဂျီရေနံဓာတ်ငွေ့ရည်	၃၀ ပေါင်/စတုရန်းလက်မမှ ၂၀၀ပေါင်/စတုရန်းလက်မ

၂။ သို့ဖြစ်ပါ၍ ဓာတ်ငွေ့/ဓာတ်ငွေ့ရည်အမျိုးအစားအလိုက် ထည့်သွင်းအသုံးပြုသည့် ဆလင်ဒါအိုးများ၏ ဖိအားခံနိုင်ရည်ရှိမှု ကွာခြားချက်ကြောင့် ဖိအားအလွန်များသည့် စီအင်န်ဂျီကဲ့သို့ ဓာတ်ငွေ့ကို အခြားဓာတ်ငွေ့/ဓာတ်ငွေ့ရည် ဆလင်ဒါအိုးအတွင်းသို့ ပြောင်းလဲထည့်သွင်းပါက ပေါက်ကွဲမီးလောင်မှုဖြစ်ပွားပြီး အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးမည်ဖြစ်ပါသဖြင့် ဓာတ်ငွေ့/ဓာတ်ငွေ့ရည်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် ဆလင်ဒါအိုးအမျိုးအစားကိုသာ အသုံးပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

သွေးဆေးကန်ဆရာတော် တရားစခန်းပွဲများ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ် နာယက ကမ္မဋ္ဌာနာ စရိယ ပြည်တွင်းပြည်ပ သာသနာပြု သွေးဆေးကန် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc, Phy)သည် မေ ၃ ရက်မှ ၉ ရက်အထိ ကျောက်မဲမြို့ အဖွဲ့ခွဲအမှတ် ၆၈ ဈေးဓမ္မာရုံ၊ မေ ၁၁ ရက်မှ ၂၀ ရက်အထိ နမ္မတူမြို့ ပန်ဟိုက်ရပ်ကွက် ပုဗ္ဗာရုံကျောင်း၊ မေ ၂၃ရက်မှ ၃၀ ရက်အထိ သီပေါမြို့ ရွှေကျောင်းပဋ္ဌိပတ္တိဓမ္မရိပ်သာတို့၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားနာ၊ တရားအားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

ပြင်ဦးလွင်မြို့ အနီးစခန်း ဖောင်းတောရွာမှ ကြည်ညိုဖွယ် မဟာဆုတောင်းပြည့်နှီးဘုရားကြီး

သတင်းဆောင်းပါး၊ ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားသော နိုင်ငံဖြစ်သည်။ သာသနာတော် ထွန်းကားသည်နှင့်အညီ ဘုရားရှင်အား ရည်မှန်း၍ ပူဇော်အပ်သော ဗုဒ္ဓရုပ်ပွားတော်များသည်လည်း နေရာဒေသ တိုင်းတွင်ဖူးတွေ့နိုင်သည်။ ထိုပူဇော်အပ်သော ရုပ်ပွားတော်မြတ်များကို ရွှေ၊ ကြေး၊ သစ်၊ ကျောက်၊ အုတ်၊ အင်္ဂတေတို့ဖြင့်သာ အများဆုံး ထုဆစ်ကြပြီး နှီးဝါးဖြင့်ရက်လုပ်သော ရုပ်ပွားတော်များမှာမူ ရှားပါးလှပေသည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော နှီးဘုရားကြီးမှာ သက္ကရာဇ် ၇၀၀ပြည့်နှစ်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် မိုင်းနှုန်းရွာ၌ တည်ထားကိုးကွယ်သော ဖရားကျောက်အင်းဆံ (သိကြားမင်း ကောင်းမှုတော်) ဘွဲ့အမည်တော်ရှိ နှီးဘုရားကြီးပင်ဖြစ်သည်။ သိကြားမင်း ကိုယ်တိုင် အဘိုးအိုယောင်ဖန်ဆင်း၍ တိုင်းရင်းသားဒေသခံများနှင့်အတူ

ပင့်ဆောင်

နှီးဘုရားကြီးအားယာယီစံကျောင်းတော်မှ ပတ္တမြားတောင်ကုဿာသယစေတီတော်ရင်ပြင်ပေါ်သို့ ပင့်ဆောင်လာစဉ်။

မူလ မဟာအောင်မြေ ရွှေညောင်ပင်ကြီးအောက်တွင်ထပ်မံတည်ထား ကိုးကွယ်မည့် ရက်လုပ်ဆဲ နှီးဘုရားပုံတော်။

ရက်လုပ်ပူဇော်သည်ဟု ဆိုကြသည်။ ကြည်ညိုဖွယ် သမာဟိတမုဒြာဟန် ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။

ထိုဘုရားကြီးနည်းတူ ဆင်းရဲချမ်းသာမရွေး၊ ဝါးတစ်လုံး နှီးတစ်ချောင်း ပါဝင်လှူဒါန်းရုံဖြင့် ဘုရားဒါယကာအဖြစ်ခံယူနိုင်ကြစေရန် ပြင်ဦးလွင်မြို့ ဖောင်းတောဒေသ ပတ္တမြားတောင်ပေါ်တွင် နှီးဘုရားကြီးတစ်ဆူ ပွင့်တော်မူနိုင်ရန် ရည်ရွယ်၍ မတည်အလှူရှင် ဦးအောင်မြင့်(ဗိုလ်မှူးအငြိမ်းစား)၊ ဆရာမဒေါ်နန်းငွေမိသားစုက နယ်မြေဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ ဒေသခံတိုင်းရင်းသားတို့၏ လုပ်အားဒါနဖြင့်လှူဒါန်းပူဇော်ခဲ့ခြင်း ဖြစ်သည်။

နှီးဘုရားကြီးအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်းအုပ်စု ဝှေ့လေလန်ရွာမှ နှီးဘုရားတည် သာသနာပြု ဗိသုကာ ဆရာကြီး ဦးလုံးအွန်ဆိုင်က ဦးဆောင်၍ နယ်ခံရွာသားများ၏ စုပေါင်း လုပ်အားဒါနဖြင့် ရက်လုပ်ပူဇော်ခဲ့ခြင်းဖြစ်သည်။

ယာယီစံကျောင်းတော်အား ပတ္တမြားတောင်ခြေ ဆင်ခေါင်းကြီး ကျောင်းဝင်း ညောင်ပင်ကြီးအောက်တွင် တည်ဆောက်ခဲ့ပြီး ၁၃၆၆ခုနှစ် နတ်တော်လဆန်း ၃ရက်တွင် ဝါးစတင်ခုတ်ပွဲ မင်္ဂလာပြုလုပ်သည်။ ဝါးစတင် ခုတ်ပွဲတွင် လူပျို၊ အပျို မောင်မယ်များက သစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်၍ မိသားစုအုပ်ထိန်းသူများနှင့်အတူ သရဏဂုံတည်ဆောက်ပြီး သီလခံယူရသည်။ ထို့နောက် တောတွင်းသို့ဝင်၍ သတ်မှတ်ထားသော ရွှေဝါး၊ ငွေဝါး၊ ပတ္တမြားဝါးတို့အား ဝေနေယျသတ္တဝါတို့အား ဆယ်မခြင်း အဓိပ္ပာယ်ကို ဆောင်၍ ဆယ်လုံးထက်မနည်းခုတ်ယူပေးရသည်။

နတ်တော်လပြည့်နေ့တွင် ရက်လုပ်ပူဇော်ခြင်းကို စတင်ခဲ့ပြီး မြတ်ဗုဒ္ဓ၏ ဓမ္မကာယကိုရည်မှန်း၍ ဝါးနှီးအလုံးပေါင်း ၈၄၀၀၀ကျော်ဖြင့် ပြာသိုလဆန်း ၁၄ရက်တွင်(တစ်လအတွင်းထူးခြားစွာ) ရက်လုပ်အောင်မြင်ပြီးစီးခဲ့သည်။ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မဟာဗောဓိစေတီမှ ဘူမိဖဿမုဒြာ ဗုဒ္ဓရုပ်ပွားတော်ပုံဖြစ်သည်။ ဉာဏ်တော်အမြင့် တစ်ဆယ့်နှစ်ပေ၊ ဒူးနှစ်ဖက် အကွာ တစ်ဆယ်ပေ၊ ဓမ္မခဏ်အမြင့် နှစ်ပေရှိ၍ အကျယ်တစ်ဆယ့်တစ်ပေ ရှိတော်မူသည်။

ထူးဆန်းအံ့ဩဖွယ်ကောင်းသည်မှာ နှီးဘုရားကြီးစတင်ရက်လုပ်သည့် နံနက်စနာရီတွင် ငလျင်ပြင်းစွာလှုပ်ခြင်း၊ ရက်လုပ်ဆဲကာလတွင် အသီးသီး ချိန်မဟုတ်ဘဲ ညောင်ပင်ကြီး၏ အရှေ့ကိုင်းတွင် ညောင်သီး ၈၄လုံးသီးခဲ့ခြင်း တို့ ဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် ညောင်ပင်ကြီး ပင်စည်ရင်း၌ ဆင်ခေါင်း နှင့်နှာမောင်းသဏ္ဌာန်၊ မြွေခေါင်းသဏ္ဌာန်တို့ ထင်ထင်ရှားရှားဖြစ်ပေါ်နေမှုကို မြင်တွေ့ခဲ့ရသည်။ ဒေသခံတို့၏ ပြောပြချက်အရ တစ်ခါတစ်ရံ ဖိုးသူတော် သဏ္ဌာန်၊ မျောက်သဏ္ဌာန်တို့လည်း ထူးခြားစွာဖြစ်ပေါ်လာတတ်ကြောင်း သိခဲ့ရသည်။

ပြင်ဦးလွင်မြို့နယ် ဖောင်းတောကျေးရွာရှိ မဟာဆုတောင်းပြည့် နှီးဘုရားကြီးပုံတော်။

ရက်လုပ်ပြီးစီးသည့်နေ့ နံနက်တွင် ယာယီစံကျောင်းတော်၌ ပထမ အကြိမ် ဗုဒ္ဓါဘိသေက အနေကဇာတင်ခဲ့ပြီး ၁၃၆၇ခုနှစ် ကဆုန်လပြည့် နေ့၌ ရုပ်ပွားတော်ကြီးအားပတ္တမြားတောင်၊ ကုဿာသယ စေတီတော်ရင်ပြင် ဂန္ဓကုဋိစံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်၍ ဒုတိယအကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူခဲ့သည်။

ဘွဲ့အမည်တော်အား ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူတော်မူပြီး "မဟာဆုတောင်းပြည့်နှီးဘုရားကြီး"ဟု ဘွဲ့နာမတော်ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ဘုရားပွဲတော်အား နှစ်စဉ်တပို့တွဲလပြည့်ကျော် ၁၀ရက်တွင် မဟာ ပဋ္ဌာန်းပူဇော်ပွဲဖြင့် စတင်ဖွင့်လှစ်ကျင်းပခြင်းဖြစ်သည်။ ပတ်ဝန်းကျင် ကျေးရွာများနှင့် ဒေသအသီးသီးမှ ဘုရားဖူးပရိသတ်များ များပြားစွာ လာရောက်ကြသည့်အတွက် နှစ်စဉ်စည်ကားလျက်ရှိသည်။

ယခုအခါထပ်မံ၍ ဆင်ခေါင်းကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကောဝိဒအား အမှူးထား၍ နှီးဘုရားဒါယကာ ဦးအောင်မြင့်၊ ဒါယိကာမ ဆရာမဒေါ်နန်းငွေတို့က မတည်လှူဒါန်း၍ အများကောင်းမှုဖြင့် မူလ နှီးဘုရားကြီး ရက်လုပ်ခဲ့သည့် ရွှေညောင်ပင်ကြီးအောက် အောင်မြေတွင် နှစ်ဆယ့်တစ်ပေပတ်လည် ကျောက်သား အပရာဇိတ ပလ္လင်တော်ကြီးကို တည်ဆောက်လျက်ရှိသည်။

ပလ္လင်တော်အလယ်ခုံတွင် ပူဇော်ထားရှိနိုင်ရန်အတွက် ဉာဏ်တော် အမြင့် တစ်ဆယ့်တစ်ပေ၊ နှစ်ဖက်ဒူးအကျယ် ခုနစ်ပေခွဲရှိ ဘူမိဖဿမုဒြာ ပုံတော်နှီးဘုရားကြီးတစ်ဆူအား ဆရာကြီးဦးလုံးအွန်ဆိုင်၏ နည်းနာခံ ရှမ်းပြည်နယ် အင်းလေးဖောင်တော်ဦးအနောက် နန်းဦးလယ်ခြေဒေသမှ ဦးမြင့်နိုင်ဦး၊ ဦးလှငွေ၊ ဦးကျော်ကျော် ညီအစ်ကိုသုံးဦးက ဦးဆောင်၍ ဒေသခံများနှင့်အတူ ရက်လုပ်ပူဇော်လျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည်။

သို့ပါ၍ မန္တလေး-လားရှိုး လမ်းမကြီးမှ အနီးစခန်းသို့ ရောက်လျှင် ကားလမ်းမကြီးဘေး မဟာဆုတောင်းပြည့်နှီးဘုရားကြီးသို့ ဟူသော လမ်းညွှန်ဆိုင်းဘုတ်မှ မြေနီကားလမ်းအတိုင်း တစ်မိုင်ကျော်ခန့် ဝင်ရောက်သွားပါက ပြင်ဦးလွင်မြို့နယ် အမှတ်(၂)နယ်မြေ ဖောင်းတော စံပြရွာ(အနီးစခန်း) ပတ္တမြားတောင် ကုဿာသယတောင်တော်ပေါ်၌ သီတင်းသုံးနေတော်မူသော မဟာဆုတောင်းပြည့် နှီးဘုရားကြီးအား ကြည်ညိုဖွယ် ဖူးတွေ့ရမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုး ရည်မျှော်ကိုး၍ ရေးသားလမ်းညွှန်လိုက်ရပါသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား ဩဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်၍ သံဃာတော် ၇၂ ပါးတို့ ဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်ပူဇော်ကြပြီး အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြစဉ်။ (ဝ၄)

ပါဠိပထမပြန်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၀

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် လူပုဂ္ဂိုလ်များအတွက် ပါဠိပထမပြန် သင်တန်းကို ဧပြီ ၂၆ရက် (စနေနေ့) နံနက် ၇နာရီ၌ ဖွင့်လှစ်မည်ဖြစ်ရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာလင်္ကာရမထေရ်မြတ်က သင်ကြားပို့ချမည်ဖြစ်ပြီး မည်သူမဆို သင်တန်းသို့ တက်ရောက်လေ့လာနိုင်ကြောင်းနှင့် ဖုန်း-၃၇၀၉၆၁၊ ၀၉ ၅၀၅၂၂၂၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီ တော်မြတ်ကြီး၏ ထီးတော် အသစ်တင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့ Saw Family Int'l Co.,Ltd.မှ ဦးစောကြိုင်-ဒေါ်ကြင်ဌေး၊ သားသမီးမြေး တစ်စုတို့က ငွေကျပ် ၄၀၁၀၀၀တန်ဖိုးရှိ ရွှေကြယ်သီး ငါးလုံးနှင့် Black Jade နှစ်လုံးတို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တညင်းကုန်း ကုန်စိမ်းဈေး သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန အင်းစိန်မြို့နယ် တညင်းကုန်း ကုန်စိမ်းဈေးရှိ ဈေးသာယာရေးအဖွဲ့က ဦးဆောင်၍ ဈေးအတွင်းအန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို (၁၃၇၀ ပြည့်နှစ် မြန်မာ့နှစ်ဆန်းတစ်ရက်နေ့) ဧပြီ ၁၇ရက်တွင် ကျင်းပရာ တညင်းကုန်းရပ်ကွက် မင်္ဂလာကန်ဦးကျောင်း ဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တတိလောကနှင့် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ပထမအကြိမ် တညင်းကုန်း ကုန်စိမ်းဈေး သက်ကြီးပူဇော်ပွဲကိုကျင်းပရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သောင်းနှင့် ဈေးသူဈေးသားများက သက်ကြီးဈေးသူဈေးသား အဘိုးအဘွားများအား ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အကပဒေသာ
- ၇း၅၅ ၅။ နိုင်ငံစီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၁၅ ၆။ **အသက်ကလေးရယ်တဲ့ရှည်စေလို (ဦးအောင်လွင်၊ ကြည်စိုး၊ မေထွဋ်ခေါင်၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မျိုးမျိုးခိုင်၊ ဒေါ်ခင်ခင်ကြီး၊ (ဒါရိုက်တာ- ကြည်စိုး)**
- ၈း၃၀ ၇။ International News.
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ ကျေးပင်အက်ရေလှောင်တမံ
- ၄း၃၀ ၃။ **"စက်မှုတပ်ဆင်လုပ်ငန်းတွင်" (မင်းမော်ကွန်း၊ ဇင်ဝိုင်း၊မို့မို့မြင့်အောင်၊) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
- ၅း၀၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (မြန်မာစာအထူးပြု)(မြန်မာစာ)
- ၅း၁၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၅း၃၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်တယ်--ချစ်တယ်" (အပိုင်း၁၄)**
- ၇း၃၀ ၁၀။ စိတ်အားထက်သန် ဆန္ဒအမှန်
- ၈း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ အတည်ပြုကြစို့ အခြေခံဥပဒေ
- ၁၅။ ရိုတာက ပိုကောင်းပါတယ်။
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျှင်းပြိုင်" (အပိုင်း-၁၈)
- ၁၇။ အစီအစဉ်ပြီး၏။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် (၁၀) နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ် လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်ပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုးတွင် နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူရှိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

✧ **ကျောဖုံးမှ**

စာရေးသူသည် ဆေးရုံတွင်တက်ရောက်ကုသနေသည့် သံဃာတော်များ အနက်ဆီးချိုရောဂါဖြင့်တက်ရောက်ကုသနေသည့် အမရပူရမြို့မဟာဂန္ဓာရုံကျောင်းတိုက်မှ သက်တော် ၆၃ နှစ်၊ ဝါတော် ၄၃ ဝါရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ကုဋ္ဌိဇကျွမ်းပြုနာယကဆရာတော် အရှင်ဝိမလဗုဒ္ဓိအားလည်းကောင်း၊ ဦးနှောက်ကျုံ့ရောဂါဖြင့် တက်ရောက်ကုသနေသည့် ဝမ်းတွင်းမြို့နယ် ပင်တလဲအုပ်စု တောင်ပုလုကျောက်ဆင်တောရကျောင်းမှ သက်တော် ၆၆နှစ် ဝါတော်၃၃ ဝါရှိ အရှင်သုမင်္ဂလအားလည်းကောင်း၊ ဝမ်းဗိုက်အကျိတ်ရောဂါဖြင့် တက်ရောက်ကုသနေသည့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဘေးမဲ့ကျောင်းတိုက်မှ သက်တော် ၈၁နှစ်၊ ဝါတော်၃၅ရှိ ဆရာတော် အရှင်ကောသလ္လအားလည်းကောင်း၊ လေဖြတ်ရောဂါဖြင့် တက်ရောက်ကုသနေသည့် အမရပူရမြို့ မိုးကုတ်ဝိပဿနာမင်္ဂလာတိုက်ကျောင်းမှ သက်တော် ၆၃နှစ် ဝါတော်၄၃ဝါရှိ နာယကဆရာတော်ဘဒ္ဒန္တဝိလာသအားလည်းကောင်း ဖူးမြော်၍ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ကုသခံယူရရှိမှုနှင့် စပ်လျဉ်း၍ ပြည့်စုံမှုရှိ/မရှိ မေးမြန်းလျှောက်ထားခဲ့ရာ ဆရာတော်အားလုံးက အစစအရာရာ ပြည့်စုံမှုရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ကြပါသည်။

တစ်ပြေးညီဆောင်ရွက်ပေး

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက် တာဦးကိုလေး၊ ဆေးရုံအုပ်ကြီးအဆုတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာမြမောင်၊ဒုတိယဆေးရုံအုပ်ကြီး သမားတော် ဒေါက်တာကျော်လှ၊ အရိုးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာစိုးထွန်းနှင့် တာဝန်ကျဆရာဝန်များသည် ဆေးရုံကုသဆောင်(၄)တွင် အတွင်းလူနာအဖြစ်ဆေးဝါးကုသနေကြသော ဆရာတော်များအား လာရောက်ဖူးမြော်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြသည်။

ထို့ပြင် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)သို့ တက်ရောက်ကုသရန် လာရောက်မည့် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် သွားလာရေးအဆင်ပြေစေရန် မြို့တွင်း/မြို့ပြင်မော်တော်ယာဉ်လိုင်းများကိုလည်း ပြေးဆွဲပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိခဲ့ရပါသည်။

ဝမ်းမြောက်ဝမ်းသာ

စာရေးသူ ဆေးရုံမှအပြန်တွင် မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော မကျန်းမာသည့် ဂိလာနသံဃာတော်များကို ဆေးဝါးကုသ ပြုစုစောင့်ရှောက်ခြင်းသည် မြတ်စွာဘုရားရှင်အား လုပ်ကျွေးပြုစုရာရောက်ကြောင်း၊ မြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးလိုသူသည် မကျန်းမာသည့်ဂိလာနပုဂ္ဂိုလ်အား ပြုစုလုပ်ကျွေးရမည်ဖြစ်ကြောင်း ဟောကြားချက်ကို ပြန်လည်သတိရမိပြီး ယနေ့မြင်ကွင်းအဖုံဖုံကို ဝမ်းမြောက်ဝမ်းသာ ကြည်နူးပီတိဖြစ်ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။

ဘုန်းတော်ကြီးကုသဆောင်၌ တက်ရောက်ဆေးကုသမှုခံယူတော်မူကြသည့် သံဃာတော်များအား ဒေါက်တာကျော်လှ လိုက်လံစမ်းသပ်ကြည့်ရှုပေးစဉ်။

ဧပြီ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး)တွင် အစာအိမ်ဝေဒနာရရှိသည့် ဇီဝိတဒါန သံဃာတော်တစ်ပါးအား အစာအိမ်နှင့် အူလမ်းကြောင်း အထူးကု ဆရာဝန်ကြီး ဒေါက်တာကျော်လှ ကြည့်ရှုစမ်းသပ်ပေးစဉ်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှင့်လူမှုရေးအဖွဲ့တို့သို့ ငွေလှူဒါန်း

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ ပြည်ပရောက် ရုပ်ရှင်သရုပ်ဆောင်သူဇာက ငွေကျပ် ၁၀ သိန်းနှင့် လူမှုရေးအလှူငွေများ လှူဒါန်းသည့်အခမ်းအနားကို ဧပြီ ၁၉ရက်မွန်းလွဲ၂နာရီတွင်ရန်ကုန်မြို့ ဒဂုံ မြို့နယ် စကားဝါလမ်းရှိ မြို့မကျောင်းသားဟောင်းများ အဖွဲ့ မြက်ခင်းပြင်၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)၊ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ရုပ်ရှင်သက်ကြီးပညာရှင် (အမေများအဖွဲ့)များ၊မြို့မကျောင်းသားဟောင်းများ၊ ဖိတ်ကြားထားသူများနှင့်အလှူရှင်တို့ တက်ရောက်ကြသည်။

အဆိုပါငွေလှူဒါန်းပွဲတွင် ရှေးဦးစွာ အလှူရှင် ရုပ်ရှင်သရုပ်ဆောင်သူဇာက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ရုပ်ရှင်သက်ကြီးပညာရှင် (အမေများအဖွဲ့)များနှင့် မြို့မကျောင်းသားဟောင်းများအဖွဲ့တို့သို့ငွေကျပ်(၁၀) သိန်းစီနှင့် အကယ်ဒမီ ဒေါ်နွဲ့နွဲ့မူ၏ ကျန်းမာရေး ကုသစရိတ်အတွက် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်ဦးမျိုးသန့်(မောင်ဆုရှင်)နှင့်တာဝန်ရှိသူတို့က ကျေးဇူးတင်မှုဒိတာစကား ပြောကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆွမ်းဆန်တော်လှူဒါန်းပွဲ ရေစက်ချမင်္ဂလာနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ မဟာသံတန်ဆောင်းဘုရားကြီး (၉၁) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန နာယက နိုင်ငံတော် သြဝါဒါစရိယ၊ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ရန်ကုန်တိုင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်အမှူးရှိသော ပရိယတ်၊ ပဋိပတ်အားထုတ်လျက်ရှိကြသော သံဃာတော် အပါး၂၉၀ ကျော်တို့အား ဆွမ်းဆန်တော်လှူဒါန်းပွဲ ရေစက်ချမင်္ဂလာနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို အရှင်ဝိနယာလင်္ကာရ၊ အရှင်ဉာဏိန္ဒ၊ ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရတို့က ၂၅-၄-၂၀၀၈ မှ ၂၇-၄-၂၀၀၈ ရက်ထိ သုံးရက်တိုင်တိုင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကကြီးမှူး၍အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း(၂/၂၀၀၈)ကို မေ ၅ရက်မှ စတင်၍ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နှစ်လကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူအမျိုးသမီး ၂၀သာ လက်ခံသင်ကြားမည် ဖြစ်ပြီး သင်တန်းလျှောက်လွှာများကိုအောင်ဆန်း အားကစားပြိုင်ဝင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၂၅၂၅၈၉တွင် ရယူ၍ မေ ၂ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (က-ပ)

ဆွမ်းပဒေသာပင်

စစ်တက္ကသိုလ် အမှတ်စဉ် (၃၉)ဗိုလ်လောင်းသင်တန်း သင်တန်းဆင်း(၁၀)နှစ်ပြည့်အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၃၉၀၀၀၀ လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၀

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မန္တလေးမြို့၏ အရှေ့တောင်ဘက် (၃၁)မိုင်အကွာ ရဲ-ရမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ဧပြီ ၁၅ရက် ညနေပိုင်းတွင် ရောက်ရှိပြီး ဓာတ်အားပေးစက် Unit(1) တွင် Druft tube တပ်ဆင်ပြီးစီး၍ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း၊ Unit (2) တွင် Druft tube များ တပ်ဆင်ခြင်းလုပ်ငန်းများနှင့် Clrouting လုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် စီမံကိန်း၏ ဝဲဘက်ကမ်း ရှုရပ်မှနေ၍ စီမံကိန်း၏ ယာဘက်ကမ်းတွင် ဆောင်ရွက်လျက်ရှိသော ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနက် အကြီးမားဆုံးဖြစ်ပြီး ယခုအချိန်တွင် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းမှာ ၈၂ ရာခိုင်နှုန်းပြီးစီးနေပြီး စီမံကိန်းတစ်ခုလုံးအနေဖြင့် ၅၄ဒသမ၁၂ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

အဆိုပါ စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror ထူးထူးခြားခြား ကမ္ဘာ့အားကစားမှတ်တမ်းများ

ပြိုင်ပွဲဝင်အများဆုံး ဒေါက်မြင့်ဖိနပ်စီးအပြေးပြိုင်ပွဲ

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့တွင် ၂၀၀၆ခုနှစ် မတ်၉ရက်က ကျင်းပခဲ့သည့် ကမ္ဘာတစ်ဝန်းမှ အမျိုးသမီးငယ် ၁၅၀တို့ပါဝင်ယှဉ်ပြိုင်ခဲ့သော ဒေါက်မြင့်ဖိနပ်စီးအပြေးပြိုင်ပွဲသည် ပြိုင်ပွဲဝင်အများဆုံး ဒေါက်မြင့်ဖိနပ်စီးအပြေးပြိုင်ပွဲအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲအမည်မှာ "စွဲမက်ဖွယ်ဒေါက်မြင့်ဖိနပ်စီးအပြေးပြိုင်ပွဲ" (The Glamour Stiletto Run)ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသမီးများသည် ၇စင်တီမီတာ(၂ဒသမ၇၅လက်မ)အမြင့်ရှိ ဒေါက်မြင့်ဖိနပ်ကိုစီးကာ အမ်စတာဒမ်မြို့တွင်းရှိ ဈေးအတွင်းဖြတ်ကာ မီတာ ၈၀ (၂၆၂ ပေ) အကွာအဝေးအထိ ပြိုင်ပွဲဝင်ကြရသည်။ ဆုကြေးငွေအဖြစ် ဒေါ်လာ ၁၂၆၀၀ ရရှိပြီး အဆိုပါငွေကို ထိုနေ့မှာပင် ကုန်အောင် ဝယ်ခြမ်းသုံးစွဲရသည်ဟု ဆိုသည်။

ပြိုင်ပွဲချိန်အကြာဆုံး ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲ

ကမ္ဘာ့တင်းနစ် ကြီးလေးကြီးပြိုင်ပွဲအနက် တစ်ခုအပါအဝင်ဖြစ်သည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ အမျိုးသမီး တစ်ဦးချင်း ဗိုလ်လုပွဲ၌ အချိန် အကြာဆုံးပြိုင်ပွဲအဖြစ် စံချိန်တင်ခဲ့သည့်ပွဲမှာ ၂၀၀၅ခုနှစ် ဇူလိုင် ၂ရက်က ယှဉ်ပြိုင်ကစားခဲ့သော အမေရိကန်မှ ဗီးနပ်စ်ဝီလျံနှင့် တစ်နိုင်ငံတည်းသူ လင်ဆေးဒါဗင်ပို့တို့ပွဲဖြစ်သည်။ အဆိုပါ ဗိုလ်လုပွဲတွင်ဗီးနပ်စ် ဝီလျံက၄-၆၊ ၇-၆(၇-၄)၊ ၉-၇ဖြင့် အနိုင်ရဗိုလ်စွဲပြီးယှဉ်ပြိုင်ချိန်မှာ၂နာရီနှင့်၄၅မိနစ်ကြာခဲ့သည်။

မီတာ ၁၀၀ အမြန်ဆုံး အလွတ်ကူးချန်ပီယံ

ဂျာမနီနိုင်ငံသူ ဘရစ်တာစတက်ဖင်**(အောက်ပုံ)**ဆိုသူ အမျိုးသမီးသည် ၂၀၀၆ခုနှစ် ဩဂုတ် ၂ ရက်က ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌ ကျင်းပခဲ့သည့် အမျိုးသမီးမီတာ ၁၀၀အလွတ်ကူးရေကူးပြိုင်ပွဲတွင် ၅၃ဒသမ၃၀ စက္ကန့်ဖြင့် အမြန်ဆုံးစံချိန်တင်ကာ ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။

တစ်ရာသီအတွင်း ဝင်ငွေအများဆုံး တင်းနစ်သမား

ဆွစ်ဇာလန်နိုင်ငံမှ ကမ္ဘာ့နာမည်ကြီး တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲရားသည် ၂၀၀၆ခုနှစ်အတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲ(၁၇)ပွဲတွင် စုစုပေါင်းဆုကြေးငွေ အမေရိကန်ဒေါ်လာ ၈ဒသမ၄သန်း(ပေါင် ၄ဒသမ၃သန်း)ရရှိခဲ့ရာ တစ်ရာသီအတွင်း ဝင်ငွေအများဆုံးရသူ အမျိုးသားတင်းနစ်အားကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

စတုဘုမ္မိကတရားစခန်းပွဲ တာပွန်နှင့် ခရမ်းမြို့တို့၌ ဖွင့်မည်

ရန်ကုန် ဧပြီ ၂၀

သယ်န်းကျွန်း ပြည်သာယာဆရာတော် ဘဒ္ဒန္တကုမာရ (သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ တိုင်း သံဃနာယက)သည် ၄က်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဲခူးတိုင်း နတ္တလင်းမြို့နယ် တာပွန်ရွာ စတုဘုမ္မိက ကျောင်း၌ ဧပြီ ၂၄ရက်မှ ၃၀ရက်အထိ၊ ရန်ကုန်တိုင်း ခရမ်းမြို့ စတုဘုမ္မိကကျောင်း၌ မေ ၁၃ ရက်မှ ၁၉ရက်အထိခုနစ်ရက်တရားစခန်းများ ဖွင့်လှစ် ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကွယ်လွန်သူ နှစ်ဖက်သော မိဘများနှင့် ညီမအား ရည်စူး၍ ဦးတင်ငွေ - ဇနီး ဒေါ်သန်းသန်းဌေး၊ သား မောင်မြင့်မိုရ် (ပဒေသာ ဗီဒီယိုရိုက်ကူးရေး) မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ် လှူဒါန်းစဉ်။

(က-ပ)

ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့
၂၀၀၈ ခုနှစ် ဧပြီလ (၂၅) ရက်

အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်
၂၀၀၈ ခုနှစ် ဧပြီလ (၂၅) ရက် - မေလ (၁)ရက်

ငှက်ဖျားရောဂါအန္တရာယ်၊ နေရာအနှံ့ တို့ကာကွယ်
malaria-a disease without borders

ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပဲခူးတိုင်းအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၊ အလှူငွေများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဧပြီ ၁၈ ရက်တွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများကို လူမှုရေးအသင်းအဖွဲ့များသို့ ထောက်ပံ့ပေးအပ်သည်။

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျောက်တံခါးမြို့ မြို့နယ်ခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများ ထောက်ပံ့ပေးအပ်သည်။ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဧပြီ ၁၉ ရက်တွင် ထန်းတပင်မြို့ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား လည်းကောင်း၊ တောင်ငူမြို့ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ တောင်ငူ၊ ဖြူးနှင့် အုတ်တွင်းမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား လည်းကောင်း၊ ရေတာရှည်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဒေသခံ လူမှုရေး အသင်းအဖွဲ့ဝင်များအား လည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ နဝမအကြိမ်မြောက် ဒုလ္လဘ ရဟန်းခံရှင်ပြုပွဲကို ဧပြီ ၁၁ ရက်က အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက် အောင်ချမ်းသာမဏ္ဍပ်၌ ကျင်းပရာ ဆီမီး ၉၉၀၀အဖွဲ့ ဩဝါဒါစရိယ ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ကျောင်းတိုက်ပဓာန နာယက ဘဒ္ဒန္တစန္ဒောဘာသ အရှင်သူမြတ်က ရဟန်းတစ်ပါးနှင့်နေ့ဆွမ်းအတွက် ငွေကျပ်တစ်သိန်း အလှူရှင်ဖြစ်သူ သမားတော်ကြီး ဦးကျော်စိန်(မိုးကုတ်)-ဒေါ်နန်းခမ်းဆာ (ဖြူစင်မေတ္တာ ဆေးတိုက်)မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (၅၄၁)

အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲ မြန်မာနိုင်ငံမှ ကမ္ဘောဇအသင်း ယှဉ်ပြိုင်မည်

သတင်းနှင့် ဓာတ်ပုံ
စိုးညွန့် (ကြေးမုံ)

ရန်ကုန် ဧပြီ ၂၀

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ဧပြီ ၂၃ ရက်မှ ၂၇ ရက်အထိကျင်းပမည့် ၂၀၀၈ခုနှစ် AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)ပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ကမ္ဘောဇဘောလုံးအသင်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ကမ္ဘောဇ ဘောလုံးအသင်းတွင် အုပ်ချုပ်မှု အဖွဲ့ဝင်များအဖြစ် ဦးမောင်မောင်လောက်၊ ဦးမိုးဆန်းအောင်၊ ဦးသိန်းဇံ၊ နည်းစနစ်အကြံပေးအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြအဖွဲ့ဝင်များအဖြစ် ဦးသန်းထိုက်၊ ဦးဟန်ထွန်း၊ ဦးသိန်းထွန်းသိန်း၊ ကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ထက်၊ ရဝေဇင်၊ ငွေးလှိုင်ထွန်း၊ နောက်တန်း-အေးဆန်း၊ ဟန်ဝင်းအောင်၊ အောင်ကျော်ဦး၊ ဉာဏ်လွင်၊ ထွန်းထွန်းနိုင်၊ နိုင်ဇင်၊ ကျော်စွာဝင်း၊ အောင်သိုက်၊ အလယ်တန်း-ခင်မောင်လွင်၊ စိုးသီဟအောင်၊ နေဇော်ထက်၊ အောင်သန်းဝင်း၊ နေဝင်း၊ ရာဇာစိုး၊ အောင်မျိုး၊ လင်းဇော်ထိုက်၊ ရှေ့တန်း-စည်သူသန်း၊ ကျော်သီဟ၊ ထွန်းမင်းဦး၊ ထွန်းထွန်းနောင်၊ စိုင်းကျော်သူရအောင်၊ သတင်းပြန်ကြားရေးအဖြစ် ဦးမြတ်ခိုင် (လျှပ်တစ်ပြက်ဂျာနယ်)တို့ လိုက်ပါသွားကြသည်။

ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိအောင် အထူးလေ့ကျင့် ပြင်ဆင်ထားကြောင်း အသင်းအတွင်းရေးမှူး ဦးမောင်မောင်လောက် ပြောကြားစဉ်။

AFC President's Cup ဘောလုံးပြိုင်ပွဲကို အာရှဘောလုံးအဖွဲ့ချုပ်က ၂၀၀၅ခုနှစ်မှ စတင်၍ ကျင်းပခဲ့ပြီး ယခုပြိုင်ပွဲကို နိုင်ငံ ၁၁ နိုင်ငံမှ ကလပ်အသင်း ၁၁ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် ကမ္ဘောဇဘောလုံးအသင်းသည် (ဂ)အုပ်စုတွင် အက်ကာဗက် (တာမင်နစ္စတန်)၊ ရတ်နမ် FC (သီရိလင်္ကာ)၊ ထရန်စပို့စ်ယူနိုက်တက်(ဘူလ်တန်)တို့နှင့်အတူ ပါဝင်နေသည်။ ကမ္ဘောဇအသင်းသည် ဧပြီ ၂၃ရက်တွင် ပွဲဦးထွက်ပွဲအဖြစ် အက်ကာဗက်၊ ၂၅ရက်တွင် ရတ်နမ်FC၊ ၂၇ ရက်တွင် ထရန်စပို့စ်ယူနိုက်တက်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အသင်းအနေအထားနှင့်ပတ်သက်၍ ကမ္ဘောဇဘောလုံးအသင်း အတွင်းရေးမှူး ဦးမောင်မောင်လောက်က ကြေးမုံသို့ရှင်းပြရာတွင် "မိမိတို့အနေဖြင့် ပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် အထူးလေ့ကျင့် ပြင်ဆင်ထားပါကြောင်း၊ ပြိုင်ပွဲတွင် အောင်မြင်မှု ရယူနိုင်ရန်အတွက် အုပ်စုအဆင့်ကို အရင်ဆုံး ကျော်ဖြတ်နိုင်ရန်လိုကြောင်း၊အုပ်စုဒုတိယရလျှင်ပင် နောက်တစ်ဆင့်တက်ရန် မသေချာသေး၍ အုပ်စုပထမရအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ အသင်းအောင်မြင်မှုရရန်အတွက်လည်း ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ပံ့ပိုးမှုများစွာပေးပြီး စိတ်ဓာတ်မြှင့်တင်ပေးထားကြောင်း၊ ထို့အပြင် အသင်းမှာပါသည့် လူတစ်ဦးကို အမေရိကန်ဒေါ်လာသုံးရာ ချီးမြှင့်ထားပြီး တစ်ပွဲနိုင်လျှင် တစ်သင်းလုံးကို အမေရိကန်ဒေါ်လာ တစ်ထောင် ချီးမြှင့်မည်ဟု အားပေးစကား ပြောကြားထားပါကြောင်း၊ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်လျှင်လည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဟု အားပေးစကား ပြောကြားထားပါကြောင်း၊ မိမိတို့အသင်းအတွက် ယခုပြိုင်ပွဲမှာ ပထမဦးဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်သော်လည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရမည်ဟု ထင်ပါကြောင်း" ပြောကြားသွားသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကျင်းပပြီးစီးခဲ့သည့်သုံးကြိမ်တွင် အသင်းရှစ်သင်းဖြင့်သာကျင်းပခဲ့သော်လည်း ယခုအကြိမ်တွင်အသင်းသုံးသင်း ထပ်မံတိုးမြှင့်ကာ စုစုပေါင်း ၁၁သင်းဖြင့် ကျင်းပမည်ဖြစ်ရာ ထပ်တိုးနိုင်ငံများဖြစ်သည့် မြန်မာ၊ တာမင်နစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှ အမှတ်ပေးချန်ပီယံအသင်းတို့မှာ ယခုနှစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ယင်းပြိုင်ပွဲကို ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ဘဏ္ဍာ/အခွန်အသင်း ယှဉ်ပြိုင်ခွင့်ရသော်လည်း ပြိုင်ပွဲမဝင်သောကြောင့် ဒုတိယဆုရရှိသည့် ကမ္ဘောဇအသင်းက ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

AFC President's Cup ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကမ္ဘောဇဘောလုံးအသင်းသည် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရင်းမှ စတင်ပြင်ဆင်ခဲ့သည်။ အဆိုပါပြိုင်ပွဲအတွက် အငှားဖြင့်ခေါ်ယူထားသည့် လယ်/ဆည်မှ ခင်မောင်လွင်၊ ဆောက်လုပ်ရေးမှ စိုးသီဟအောင်၊ ကျော်ဇင်ထက်(ဂိုး)နှင့် စည်သူသန်းတို့လည်း ပါဝင်ကြသည်။

ကမ္ဘောဇအသင်း နည်းစနစ်အကြံပေး ဦးအေးမောင်ကြီးနှင့် နည်းပြအဖွဲ့ဝင်များ။

အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် ၂၀၀၅ ခုနှစ်၌ ရီဂါတက် အေဇက်အသင်း(တာဂျစ်ကစ္စတန်)၊ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ တွင် ဒိုဒွိုင်းဒိုင်နမို(ကာဂျစ်စတန်) အနိုင်ရဗိုလ်စွဲထားကြသည်။ ကမ္ဘောဇအသင်းနှင့် ယှဉ်ပြိုင်ရမည့် အသင်းများမှာ လက်ရှိပြည်တွင်းတွင် အောင်မြင်မှုများ ရရှိနေ၍ အုပ်စုတက်ရေး အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ အုပ်စုသုံးခုမှ အုပ်စုဗိုလ်သုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယဆုရ တစ်သင်းတို့သာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။

Verinon Technology Solutions မှ Documentum Software သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၀

Winner Computer Group သည် စင်ကာပူနိုင်ငံရှိ Verinon Technology Solutionsနှင့် ပူးပေါင်း၍ Training on Documentum Software သင်တန်းဖွင့်လှစ်မည်ဖြစ်သည်။

Documentum သည် အမေရိကန်နိုင်ငံရှိ EMC Corporation မှဖြန့်ချိသော document management system, workflow management နှင့် web management တို့နှင့် ဆက်သွယ်သည့် Enteprise Content, management Software တစ်ခုဖြစ်သည်။ Enteprise Content Management သည် Content, document များနှင့် လုပ်ငန်းကြီးများ၏ လုပ်ငန်းစဉ်နှင့် ဆက်နွှယ်နေသည့် Content များကိုဖမ်းယူခြင်း၊သိမ်းဆည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖြန့်ချိခြင်းတို့ကိုပြုလုပ်သည့် နည်းပညာတစ်ခုဖြစ်သည်။

အဆိုပါသင်တန်းတွင် Content Management System ၏အခြေခံနှင့် အဆင့်မြင့် အစိတ်အပိုင်းများပါဝင်ပြီး EMC Documentum Content management Solution ကို အကောင်အထည်ဖော်ခြင်းအတွက် သင်ကြားပို့ချမည်။

သင်တန်းအား စင်ကာပူနိုင်ငံရှိ Verinon Technology Solutions မှ ပညာရှင်များ လာရောက်ပို့ချမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက အရည်အချင်းစစ် စာမေးပွဲကို စင်ကာပူနိုင်ငံတွင် ကျင်းပမည်။

ယင်းသင်တန်းသည် Microsoft. Net Certified IT professional (သို့မဟုတ်) .Net နှင့် ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သော IT professional များအတွက် အကျိုးရှိ၍ Documentum သင်တန်းတက်ရောက်အောင်မြင်၍ Certificate ရရှိသည့် သင်တန်းသားများသည် နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည်။

Documentum အခြေခံသင်တန်းတွင် Enteprise Content Management,Object types and Objects, Users and privileges, Group and Roles, Object Security, Workflows, Life Cycles, DQL concepts ကိုလည်းကောင်း၊ Documentum အဆင့်မြင့်သင်တန်းတွင် Advanced DQL concepts,Fundamentals of Documentum, Foundation Classes (DFC), Advanced DFC Programming,Fundamentals of WDK Framework,Advanced WDK Frameworkတို့ကို သင်ကြားပို့ချမည်ဖြစ်သည်။

Module တစ်ခုလျှင် သင်ကြားချိန် နာရီ ၆၀ ရှိမည်ဖြစ်၍ Module နှစ်ခုပေါင်းအတွက် သင်ကြားချိန်နာရီ ၁၂၀အပြင် လက်တွေ့ချိန်များပါရှိမည်ဖြစ်သည်။ သင်တန်းကို ၂၀၀၈ခုနှစ် မေလအတွင်း စတင်ဖွင့်လှစ်မည်ဖြစ်သည်။

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိ၍ .NET IT Professional (သို့မဟုတ်) .NET နှင့်ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

နှစ်သစ်ကူး အထူးအစီအစဉ်အနေဖြင့် ဧပြီလတွင် စာရင်းသွင်းလျှင် သင်တန်းကြေးကို ၁၀ရာခိုင်နှုန်း လျှော့ယူမည်ဖြစ်သည်။

သင်တန်းဝင်ခွင့်ကို Winner Computer Group အမှတ် (၂၀၂)၊ ဦးဝိစာရလမ်း၊ ဖုန်း-၀၁-၃၇၄၁၆၅၊၅၀၃၅၉၉၊ ၇၀၃၂၃၂၊ ၇၀၃၂၃၀ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

(၁၀)ကြိမ်မြောက် ထီးလှိုင်ရှင်အလှူဒါနပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၂၀

ဇီဝိတ ပရဟိတ ပညာဒါန (၁၀) ကြိမ်မြောက် ထီးလှိုင်ရှင် အလှူဒါန ပွဲတော် မဏ္ဍပ်ဖွင့်ပွဲကို သင်္ကြန်အကျ နေ့ ဧပြီ ၁၃ ရက်တွင် ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၆) ရပ်ကွက်၊ ပဲခူး-ခရမ်းကားလမ်းမကြီး ပေါ်၌ ကျင်းပသည်။

ယင်းထီးလှိုင်ရှင် အလှူဒါနပွဲတော် ကို AWC Ltd. မှ ဦးစောသန်း အောင်နှင့် ဦးသူရကျော်၊ တိုင်းရင်း သမားတော်ကြီး ဦးစောထွန်းတို့က ကြီးမှူး၍ ဧပြီ ၁၃ ရက်မှ (နှစ်ဆန်း တစ်ရက်) ဧပြီ ၁၇ ရက်အထိ ငွေ ကျပ် ၁၂ သိန်းကျော် တန်ဖိုးရှိ ထမင်းထုပ်၊ ဟင်းထုပ်များကိုလည်း ကောင်း၊ အမကကျောင်း ငါးကျောင်း အတွက် ပညာဒါနအလှူငွေ ကျပ် ငါးသိန်းကို လည်းကောင်း **(အပေါ် ဓါတ်ပုံ)**၊ ရပ်ကွက်အသီးသီးရှိ ကလေး သူငယ်များအတွက် ငွေကျပ် ၁၄ သိန်း တန်ဖိုးရှိ အဝတ်အထည်များ ကိုလည်းကောင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ငွေကျပ် ၁၀ သိန်းနှင့် ခနိ၊ဝါးတို့ကို လည်းကောင်း လှူဒါန်းကာ ငှက်ကောင်ရေ ၁၀၀ နှင့် ငါးကောင်ရေ ၁၀၀ တို့ကို ဇီဝိတ ဒါနအဖြစ် လွှတ်၍ ကုသိုလ်ပြုခဲ့ကြ ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီ တော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက် ကြီး မူလပဓာနနာယက(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအား ရည်စူးကုသိုလ်တော် အဖြစ် ဥပသမ္ပဒမင်္ဂလာ ဒုလ္လဘရဟန်းခံပွဲ၊ ပဗ္ဗဇ္ဇမင်္ဂလာ ရှင်သာမဏေ ပြုပွဲနှင့် ဒုလ္လဘသီလရှင်ဝတ်ပွဲမင်္ဂလာ အခမ်းအနားကို ဧပြီ ၁၈ ရက် က ကျိုက္ကစံလယ်တီကျောင်းတိုက်ကြီး၌ ကျင်းပရာ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာသဘ အရှင်သူမြတ်က တရားတော်များ ချီးမြှင့် စဉ်။ (၅၀၆)

ကြေးမုံ မှု ခင်း သ တင်း များ

ဆွဲကြိုးဖြတ်ပြေးသူအား ဝိုင်းဝန်းဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၂၀

ဧပြီ ၁၁ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မှ သူနာပြု မပန်းမို့မို့အောင်သည် ပြည်လမ်း စိန်ဂေဟာဆိုင်မှ လမ်း လျှောက် ပြန်ခဲ့ရာ ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံကြီးဘေး ဝင်ပေါက် အနီးသို့ ရောက်ရှိစဉ် နောက်မှလိုက် လာသည့် အမည်မသိ အမျိုးသား တစ်ဦးက ၎င်းလည်ပင်းတွင် ဆွဲထား သော ပတ္တမြားကျောက်နီ လော်ကက် သီးပါ အလေးချိန် ၅ ပဲ ၆ ရွေးရှိ ဆွဲကြိုးကို ဖြုတ်ယူထွက်ပြေးသည်။

မပန်းမို့မို့အောင်က ပတ်ဝန်းကျင် သို့ အော်ဟစ် အကူအညီတောင်း သဖြင့် ဆေးရုံဝန်ထမ်းများ၊လှည့်ကင်း တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များက ဝိုင်း ဝန်းဖမ်းဆီးရာ ဆွဲကြိုးဖြတ်ပြေးသူ တင်ဝင်းလှိုင်(ခ)ရာကွတ် (၂၄)နှစ် ယုဇန (၂၄)လမ်း ကမာကဆစ်ရပ် ကွက် ဒလမြို့နယ်နေသူအား သက် သေခံ ရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိ သည်။

ဖမ်းဆီးရမိသူ တင်ဝင်းလှိုင်(ခ) ရာကွတ် လွယ်ထားသည့် ကျောပိုး အိတ်ကို ဆက်လက်ရှာဖွေရာ အရိုး သုံးလက်မ၊ အသွား ၁၀ လက်မခန့်ရှိ သစ်သားရိုးတပ် ထိပ်ချွန် ဆန်ထိုးပိုက် တစ်ချောင်းကိုပါ သိမ်းဆည်းရမိခဲ့ သည်။

ဆွဲကြိုးဖြတ်ပြေးသူ တင်ဝင်းလှိုင် (ခ)ရာကွတ်အား လမ်းမတော်ရဲစခန်း မှ (ပ)၁၁၁/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၈၂ ဖြင့်လည်းကောင်း၊ (ပ) ၁၁၂/၀၈၊ လက်နက် ဥပဒေပုဒ်မ ၁၉(င)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချောက်မြို့နယ်အသင်း(ရန်ကုန်) (၂၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ အသင်းနှစ်ပတ်လည် အစည်း အဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ပူဇော်ပွဲကို ဗဟန်းမြို့နယ်ရှိ တရားရုံးချုပ် ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးညိုမောင်က ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးအား ဆုချီးမြှင့် စဉ်။ (က-ပ)

ရွှေပြည်သာမြို့နယ်တွင် မီးလောင်မှုကြောင့် လူတစ်ဦးသေဆုံး

ရန်ကုန် ဧပြီ ၂၀

ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနှင့် ချင်းတွင်း လမ်းထောင့် အမှတ် (၁၇၁/ခ)ရှိ ဦးတင်သောင်း၏ နေအိမ်၌ ဧပြီ ၁၇ရက် နံနက် ၁ နာရီခွဲခန့်က ခြင်ဆေးခွေမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မြို့နယ်အသီးသီးမှ မီးသတ်ယာဉ် ၂၃ စီး၊ အုပ်ချုပ်မှုယာဉ် ကိုးစီး လာရောက်ငြိမ်းသတ်မှုကြောင့် ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွား ခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ခြေ ခုနစ်လုံး မီးလောင်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၀ စုမှ လူဦးရေ ၄၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ဦးတင်သောင်း၏ သားဖြစ်သူ မောင်ဝေယံကိုကို (၁၆)နှစ်မှာ မီးလောင် ကျွမ်းမှုကြောင့် သေဆုံးခဲ့ သည်။မီးဘေးသင့်ခံရသူများအား အမှတ်(၁)အထက်တန်းကျောင်း၌ ကယ်ဆယ် ရေးစခန်းဖွင့်လှစ်ခဲ့ပြီး ရွှေပြည်သာရဲစခန်းက ဦးတင်သောင်းအား (ပ)သတင်း ချက် အမှတ်၂၆၄/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅/၃၀၄-က တို့ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ဓားကိုင်ပြီး မူးယစ်ရမ်းကားနေသူက နေအိမ်ပြန်လာသူတစ်ဦးကို ဓားဖြင့်ခုတ်

ရန်ကုန် ဧပြီ ၂၀

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၅၀) ရပ်ကွက်၊ ပိတောက်လမ်းနေ မောင်ဇော်ဝင်းထွန်း (၂၃) နှစ်သည် သာကေတမြို့နယ်သို့ သွားရောက် လည်ပတ်ပြီး ဧပြီ ၁၃ ရက် ည ၉ နာရီခန့်တွင် နေအိမ်သို့ပြန်လာစဉ် အရက်မူးပြီး ဓားကိုင်၍သောင်းကျန်း နေသူတစ်ဦးက မောင်ဇော်ဝင်းထွန်း အား ဘုကြည့်ကြည့်သည်ဟု ပြောဆို ရန်စကာ ဓားဖြင့်ခုတ်ခဲ့သဖြင့် မောင် ဇော်ဝင်းထွန်းမှာ ဝဲ/ယာလက်မောင်း၊ လက်ဖျံ၊ ရင်အုပ်၊ မေးစေ့၊ လည်ပင်း တို့၌ ဒဏ်ရာများ ရရှိသဖြင့် မြောက် ဥက္ကလာဆေးရုံကြီးသို့ တင်ပို့ကုသ ထားရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ရဲတပ်ဖွဲ့စခန်းက စုံစမ်းရာ ပြစ်မှုကျူး လွန်သူ မောင်သက်ထက်ဆွေ (၂၂) နှစ် စက်မှုကြွေမြေလမ်း၊ (၅၁)ရပ် ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေသူကို ဖမ်းဆီးရမိသဖြင့် ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် (ပ) သတင်းချက် အမှတ် ၁၉၅/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့် အရေးယူထားသည်။

(သတင်းစဉ်)

ပထွေးက မယားပါသားကို ရိုက်နှက်ရာမှ သေဆုံးမှုဖြစ်ပွား

ရန်ကုန် ဧပြီ ၂၀

တောင်ငူမြို့နယ် ကင်းဆိပ်ကျေး ရွာအုပ်စု အုန်းတောမြိုင်ကွက်သစ်နေ ရှမ်းလေး (၅၅) နှစ်သည် ဧပြီ ၁၃ ရက် ညနေ ၆ နာရီက မယားပါသား ဖြစ်သူ မဲတူးလုံး (၃)နှစ် ငိုနေသည်ကို မကြိုက်၍ ဝါးခြမ်းပြားဖြင့် ရိုက်နှက် ခဲ့သည်။ ယင်းသို့ ရိုက်နှက်မှုကြောင့် မဲတူးလုံးတွင် ဝဲနဖူး ပြတ်ရှဒဏ်ရာ၊ ယာမျက်ခုံးဘေး ပွန်းပဲ့ဒဏ်ရာ၊ယာဒူး ပွန်းပဲ့ဒဏ်ရာ၊ ကျောပြင်ပွန်းပဲ့ဒဏ်ရာ နှင့် ဝဲနဖူး ဖူးရောင်ဒဏ်ရာများ ရရှိ ခဲ့သဖြင့် တောင်ငူမြို့ အထွေထွေ ရောဂါကုဆေးရုံသို့ တင်ပို့ ကုသခဲ့ရ သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မဲတူးလုံး၏မိခင် မခင်မြ (၃၀)နှစ်က တောင်ငူမြို့ အမှတ်(၂) ရဲတပ်ဖွဲ့ စခန်းသို့ တိုင်တန်းခဲ့ရာ ရဲစခန်းက (ပ)သတင်းချက် အမှတ် ၆၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ ဖြင့် ရှမ်းလေးအပေါ် အမှုဖွင့် အရေးယူ ထားသည်။ မဲတူးလုံးမှာ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေစဉ် ဧပြီ ၁၄ရက် နံနက် ၁၀ နာရီတွင် သေဆုံး သွားသဖြင့် တောင်ငူမြို့ အမှတ်(၂) ရဲတပ်ဖွဲ့စခန်းက ရှမ်းလေးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က ဖြင့် ပြောင်းလဲအမှုဖွင့် အရေးယူ ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စားသောက်ဆိုင်၌ စကားများရာမှ ဓားခုတ်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၂၀

ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ဈေးကြီးလမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဧပြီ ၁၀ ရက် ည ၉ နာရီခန့်က ဝင်းမြင့် (၄၂)နှစ်၊ ဦးရွှေစိုးလမ်း၊ မကျည်းတန်း(တောင်/ အနောက်)ရပ်ကွက်၊ ကြည့်မြင်တိုင် မြို့နယ်နှင့် မျိုးဝင်း (၄၁)နှစ်၊ အင်ကြင်းမြိုင်လမ်း၊ သဃ်န်းကျွန်း(သုဝဏ္ဏ)မြို့နယ်တို့ နှစ်ဦး သောက်စားပြီး ပြန်လာစဉ် အဆိုပါဆိုင်အတွင်း မူးယစ်၍ စကားများခဲ့သည့် လူငယ်နှစ်ဦးက ဓားရှည်များဖြင့် လိုက်လံထိုးခုတ်ခဲ့သည်။

ဝင်းမြင့်မှာ ဦးခေါင်းနောက်စေ့၊ ဝဲလက်မောင်းနှင့် ဝဲလက်ဖျံတို့၌လည်းကောင်း၊ မျိုးဝင်းမှာ ဝဲလက်ကောက်ဝတ်၊ ယာချိုစောင်းတို့၌လည်းကောင်း ပြတ်ရှဒဏ်ရာများရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာအဖြစ်ကုသထားရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကြည့်မြင်တိုင်မြို့နယ် ရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၄၆၈/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆/၁၁၄ဖြင့် တရားခံများဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၈ (တနင်္လာနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ထေရဝါဒစွမ်းဆောင်ရှင်" တရားတော် [မင်းကွန်းဓမ္မစေတီဆရာတော် အရှင်နာဂိန္ဒာလင်္ကာရ]
၇း၅၅ - ၁း၅၅	Soccer Update
၈း၀၀ - ၂း၀၀	ချင်းတောင်တန်းမှသည် ရတနာလင်္ကာရ သာသနာပြုကျောင်းတိုက်သို့
၈း၃၅ - ၂း၃၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာမျိုးမင်းထူးနှင့်· တွေ့ဆုံခြင်း)
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ - ၃း၀၀	စိတ်အားထက်သန် ဆန္ဒအမှန်
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	စိုက်ပျိုးဝေဆာ တို့မြေမှာ [မင်သော်(ပရပ်အေး) စိုက်ပျိုးနည်း]
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	ကရာတေးဒိုအားကစား
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	ရွှေဖြူ၏အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	သပြေကုန်းမှ ရွှေအပြုံးများ
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဝက်မွေးမြူရေး)
၁၁း၃၀ - ၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	နိုင်ငံရပ်ခြား အတွေ့အကြုံနှင့် စွဲမက်ဖွယ်ရာအရသာ (စပိန်စတိုင်လ်)
၁၂း၀၀ - ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း)
၁၂း၂၅ - ၆း၂၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ(ဟော့ရှော့)
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ -၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။ ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

● ဒီမိုကရေစီ ရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့။

ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး) ၌ ဧပြီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတောင်ရိုး မင်းကွန်းမှ လက်ယာဘက်ပခုံး ကိုက်ခဲသည့် ဝေဒနာရှင် သီလရှင်တစ်ပါးအား အရိုးအထူးကု ပါမောက္ခ ဒေါက်တာ စိုးထွန်း စမ်းသပ်စစ်ဆေး ဆေးကုသ ပေးနေစဉ်။ (သတင်းစဉ်)

ဝမ်းမြောက်ကြည်နူးဖွယ် မြင်ကွင်းများဖြင့် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)သို့ တစ်ခေါက်

သတင်းဆောင်းပါး၊ ဓာတ်ပုံ
တင်မောင်(သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၀

ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး)သို့ ဧပြီ ၂၀ ရက်(ယနေ့) နံနက်ပိုင်းတွင် စာရေးသူ ထပ်မံရောက်ရှိခဲ့ပြန်သည်။ ဆေးရုံ၏ ကုသဆောင် (၄)တွင် မကျန်းမာသည့် ဂိလာနသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များသည် အတွင်းလူနာအဖြစ် စိတ်ချမ်းမြေ့စွာ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။ မန္တလေးမြို့မှ စေတနာရှင်၊ အလှူရှင်များကလည်း သံဃာတော်များအား ကျန်းမာရေးနှင့် လိုက်လျောညီထွေမည့် ဆွမ်း၊ ဆွမ်းဟင်းနှင့် ခဲဖွယ်ဘောဇဉ်များကို သဒ္ဓါတရား ထက်သန်စွာ လာရောက်လှူဒါန်း ဆက်ကပ်လျက်ရှိသဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုမိခဲ့ပါသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားရှိ အေးကျောင်းတိုက်မှ သက်တော် ၆၀၊ ဝါတော် ၂၄ ဝါရှိ အဆုတ်ပွန်ရောင်ရောဂါနှင့် အစာအိမ်ရောဂါတို့ ခံစားနေရသည့် သံဃာတော်တစ်ပါးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှ ဆေးရုံဖွင့်ပွဲသတင်းကို သိရှိရသဖြင့် ဆေးရုံအထူးကုဌာနသို့ လာရောက်ပြသရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြမောင်နှင့် ဆရာဝန်ကြီးများက လိုအပ်သော ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်ပေးပြီး ကုသဆောင် (၄)၌ အတွင်းလူနာအဖြစ် စောင့်ရှောက်ကုသပေးလျက်ရှိသည်ကို မြင်တွေ့ခဲ့ရပါသည်။

ထို့အပြင် နံနက် ၁၀နာရီတွင် ကုသဆောင်(၄)၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှု ခံယူတော်မူနေကြသည့် ဆရာတော် သံဃာတော်များအား ဆွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးမြဝင်းနှင့် အဖွဲ့ဝင်များ၊ သီလရှင်ဆေးရုံ ကြီးကြပ်ရေး အမျိုးသမီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်စန်းကြူနှင့် အဖွဲ့ဝင်တို့က လာရောက်ဖူးမြော်၍ ဆွမ်း၊ ဆွမ်းဟင်း၊ ကြာဆံဟင်း၊ မုန့်ထုပ်၊ ကော်ဖီထုပ်များကို ဆက်ကပ်လှူဒါန်း ကုသိုလ်ပြုကြရာ ဆရာတော်များက ဆုတောင်းမေတ္တာပို့သံများကိုလည်း ကြည်နူးဖွယ် ကြားခဲ့ရပါသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✧

ဒီမိုကရေစီထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။